# သယံဇာတ တူးဖော်ရေးကဏ္ဍမှ နိုင်ငံပိုင်လုပ်ငန်းများ ပွင့်လင်း မြင်သာရေး လမ်းညွှန်ချက်

ဇန်နဝါရီလ ၂၀၁၈

Natural Resource Governance Institute

# မိတ်ဆက်

## နောက်ခံအကြောင်းအရာ

၂၀၁၇ ခုနှစ်တွင် နိုင်ငံပိုင်လုပ်ငန်း ၈၁ ခုကို သယံဇာတ စီမံအုပ်ချုပ်မှု အညွှန်းကိန်း Resource Governance Index (RGI) အတွက် ဆန်းစစ်မှု ပြုလုပ်ခဲ့ရာ ပွင့်လင်းမြင်သာမှု စံချိန်စံညွှန်းကောင်း၊ တာဝန်ခံမှုရှိသည့် စီမံမှုတို့နှင့် ပြည့်စုံသော လုပ်ငန်း ၉ ခုရှိသည်။ (အမှတ် ၁၀၀ တွင် ၇၅ မှတ်အထက် ရရှိခြင်းကို ဆိုလိုပါသည်)

သယံဇာတ ပေါများသည့် နိုင်ငံများတွင် နိုင်ငံပိုင် လုပ်ငန်းများသည် စီးပွားရေး၊ လူ့အသိုင်းအဝိုင်းတို့ အပေါ်တွင် ဩဇာလွှမ်းမိုးမှု ကြီးမားသည်။ ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များသည် တွင်းထွက် တူးဖော်ထုတ်လုပ်မှု၊ အစိုးရ၏ စီမံမှု၊ အစိုးရ ရရှိသည့် ဝင်ငွေပေါ်တွင် အကြီးအကျယ် သက်ရောက်မှု ရှိသောကြောင့် ဖြစ်သည်။ RGI တွင် နိုင်ငံပိုင်လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ဝင်ငွေစီးဆင်းမှု များကို နားလည်နိုင်ရန် အခြေခံ လမ်းညွှန်ချက်များကို ဖော်ပြထားပေးသည်။ သယံဇာတ တူးဖော်ရေး လုပ်ငန်းအသိပညာပိုင်း ကွာဟမှုကို ဖြေရှင်းရန်အတွက် ရည်ရွယ်လျက် ပြုစုဖော်ပြခြင်း ဖြစ်သည်။ နိုင်ငံပိုင်လုပ်ငန်းများမှ ရှယ်ယာရှင်များ၊ အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံသူများ၊ စီးပွားဖက်များပေါ် တာဝန်ခံမှုဟု ဆိုရာတွင် စာချုပ်စာတမ်းများ ဖွင့်ပြခြင်းကို အရှိန်မြင့်တင် ဆောင်ရွက်ခြင်းဖြင့် အကောင် အထည်ဖော်ရမည့် ပွင့်လင်းမြင်သာမှုသည် အဓိကနေရာမှ ပါဝင်သည်။ အရပ်ဘက် လူ့အဖွဲ့အစည်းများ နှင့် အရှိန်မြှင့်တင် ချိတ်ဆက်ခြင်းသည်လည်း အရေးပါသည့်နေရာမှ ပါဝင်သည်။ သယံဇာတ တူးဖော် သည့်ကဏ္ဍမှ အချို့သော နိုင်ငံပိုင်လုပ်ငန်းများသည် အများပြည်သူသို့ ဖွင့်ပြသည့် သတင်းအချက်အလက် အရေအတွက်နှင့် အရည်အသွေး တိုးတက်လာစေရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်နေကြသည်။ သတ်မှတ်ချက်များ၊ လမ်းညွှန်ချက်များ၊ အကြံပြု တိုက်တွန်းချက်များနှင့်အညီ ကုမ္ပဏီများသည် သတင်းဖွင့်ပြမှုများ ပြုလုပ်နေကြသည်။ စာရင်းစစ် စံချိန်စံနှုန်း၊ စာရင်းပြုစုမှု သတ်မှတ်ချက်များ အပါ အဝင် အချို့သော နိုင်ငံတကာ ဥပဒေဆိုင်ရာ၊ စည်းမျဉ်းပိုင်းဆိုင်ရာ သတ်မှတ်ချက်များသည် ပုဂ္ဂလိက ကုမ္ပဏီများသို့ သက်ရောက်မှု ရှိသည့်နည်းတူ အချို့သော နိုင်ငံပိုင် လုပ်ငန်းများတွင်လည်း သက် ရောက်မှုများ ရှိသည်။ ကမ္ဘာ့ဘဏ်၊ Organisation for Economic Co-operation and Development (OECD) ကဲ့သို့သော နိုင်ငံတကာ အဖွဲ့အစည်းများကလည်း နိုင်ငံပိုင်လုပ်ငန်းများ စာရင်းတင်ပြမှုနှင့် ဆိုင်သည့် အလေ့အထကောင်းများနှင့် ပတ်သက်ပြီး စာအုပ်စာတမ်းများကို မကြာ သေးမီ နှစ်များအတွင်း ထုတ်ဝေထားခဲ့သည်။[၁] သယံဇာတ ထုတ်ယူမှု ကဏ္ဍရှိ နိုင်ငံပိုင်လုပ်ငန်းများ ပွင့်လင်းမြင်သာမှု လုပ်ငန်းဆောင်ရွက်ပုံနှင့်ပတ်သက်ပြီး Extractive Industries Transparency Initiative (EITI) ၂၀၁၆ ခုနှစ် စံနှုန်းများတွင် ဖော်ပြထားသည်။ EITI တွင် ပါဝင်နေသည့် နိုင်ငံ ပေါင်း ၅၀ ကျော်ရှိ နိုင်ငံပိုင် လုပ်ငန်းများအတွက် အသုံးချနိုင်သည့် သတ်မှတ်ချက်များ အကြံပြုချက် များကို ဖော်ပြထားသည်။ ပိုင်ဆိုင်မှု၊ ကုန်စည်ရောင်းချရမှု၊ ဝင်ငွေ စီးဆင်းမှု၊ ဘတ်ဂျတ်ပြင်ပ အသုံး စရိတ်များ သတင်းထုတ် ဖွင့်ပြရန် ကိစ္စများကို ဖော်ပြထားသည်။ သယံဇာတ စီမံအုပ်ချုပ်မှု အညွှန်း ကိန်း (Resource Governance Index) တွင်လည်း နိုင်ငံပိုင်လုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှု၊ အုပ်ချုပ်စီမံမှုတို့ကို အညွှန်း ၁၀ ခုနှင့် ဖော်ပြထားသည်။ ထုတ်လုပ်မှု၊ ကုန်စည်ရောင်းချရမှု၊ အကျိုးတူ သို့မဟုတ် ကုမ္ပဏီခွဲများအကြောင်း အပါအဝင် ဖွင့်ပြရမည့် အကြောင်းအရာများ၊ အခြား ကိစ္စများဖြင့် တိုင်းတာလျက် နိုင်ငံပိုင်လုပ်ငန်းများ အခြေအနေကို အကဲဖြတ်ထားသည်။

## ကိုးကား

သယံဇာတ တူးဖော်မှုကဏ္ဍရှိ နိုင်ငံပိုင်လုပ်ငန်းများ အချက်အလက် ဖွင့်ပြရေးနှင့်ပတ်သက်ပြီး လမ်း ညွှန် ဖော်ပြထားသည့် ယခုလမ်းညွှန်ချက်သည် ဖွင့်ပြမှုများ ပြုလုပ်ရာတွင် ထိရောက်လာစေရန် အား စိုက်နေသည့် နိုင်ငံပိုင် လုပ်ငန်းများ၏ အားထုတ်မှုကို ပံ့ပိုးနိုင်ရန် ရည်ရွယ်ထားပါသည်။ နိုင်ငံပိုင် လုပ်ငန်းများ အစီရင်ခံ တင်ပြခြင်းနှင့်ပတ်သက်သည့် အလေ့အထကောင်းများကို နေရာစုံမှ စုစည်း၍

## မာတိကာ


မိတ်ဆက် ................ ၂

၁။ထုတ်ပြန်ဖွင့်ပြရမည့် ကိစ္စများ .............. ၆

အမျိုးအစား ၁။ ကဏ္ဍ အခြေအနေ .......... ၆

အမျိုးအစား ၂။ ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံ၊ စုဖွဲ့ဆောင်ရွက်မှု .... ၁၀

အမျိုးအစား ၃။ လုပ်ငန်းတာဝန်များ . ၁၇

အမျိုးအစား ၄။ လုပ်ငန်းဆောင်ရွက်ချက်နှင့် ရလဒ်များ ............ ၂၁

အမျိုးအစား ၅။ အစိုးရ သို့မဟုတ် ပြည်နယ်/ တိုင်းဒေသကြီး အစိုးရ များသို့ လွှဲပြောင်းပေး မှုများ ................ ၂၆

အမျိုးအစား ၆။ သက်ရောက်မှုများ .. ၂၇

၂။သတင်းအချက်အလက် များ ဖွင့်ပြထုတ်ပြန်မှု ပုံစံ .................... ၂၈


၁ World Bank, *Corporate Governance of State-Owned Enterprises: A Toolkit* (2014), doi: 10.1596/978-1- 4648-0222-5; OECD, *OECD Guidelines on Corporate Governance of State-Owned Enterprises* (2015), http://dx.doi.org/10.1787/9789264244160-en.

တင်ပြထားပါသည်။ EITI စံနှုန်းများ၊ RGI ၊ ကမ္ဘာ့ဘဏ်၊ OECD ၊ Transparency International [၂] တို့မှ ထုတ်ဝေထားသည့် ဖွင့်ပြထုတ်ပြန်ခြင်းနှင့်ဆိုင်သည့် လမ်းညွှန်ချက်များ၊ အစီရင်ခံစာများ၊ NRGI မှ ထုတ်ဝေထားသည့် နိုင်ငံပိုင် လုပ်ငန်းများ ပွင့်လင်းမြင်သာမှု၊ သတင်းထုတ်ပြန်မှုဆိုင်ရာ စာတမ်းများ[၃] ၊ မြန်မာအတွက် အထူးရည်ရွယ်လျက် NRGI မှထုတ်ဝေသည့် စာတမ်းများ၊ နိုင်ငံပိုင် လုပ်ငန်းများ နှစ်ပတ်လည် အစီရင်ခံစာများ၊ အင်တာနက် စာမျက်နှာများ၊ အခြားသတင်း ထုတ်ပြန်ချက်များကို လေ့လာသုံးသပ်မှု ပြုလုပ်ရာမှ တွေ့ရှိရသည့် အလေ့အထကောင်းများကို စုစည်းတင်ပြထားပါသည်။

## ပါဝင်သည့် အကြောင်းအရာများ

နိုင်ငံပိုင် လုပ်ငန်းများအနေဖြင့် ဖွင့်ပြမှုများ ပြုလုပ်သည့်အခါတွင် ကိုးကားနိုင်ရန် အသုံးတည့်သည့် လမ်းညွှန်တစ်ခု ဖြစ်လာစေရန် ရည်ရွယ်လျက် ရေးသားပြုစုထားပါသည်။

နိုင်ငံပိုင်လုပ်ငန်းများ၏ ဘဏ္ဍာရေးကိစ္စ၊ အခြားလုပ်ငန်းများ (non-financial) ကိစ္စများ ဖွင့်ပြခြင်းတို့အတွက် တစ်ခုတည်းသော ပုံစံ သို့မဟုတ် သတ်မှတ်ချက်များ မရှိသည်ကို သတိပြုရန် အရေးကြီးသည်။ နိုင်ငံပိုင်လုပ်ငန်းများသည် ပုံစံအမျိုးမျိုး၊ ပတ်ဝန်းကျင် အခြေအနေ အမျိုးမျိုးတွင် ရှိနေပြီး၊ မတူညီသည့် စည်းကမ်းသတ်မှတ်ချက် အမျိုးမျိုးကို လိုက်နာရကာ၊ မတူညီသည့် စတိတ်ဟိုဒါများအတွက် အကျိုးသက်ရောက်မှုများ ဖြစ်စေနိုင်သောကြောင့် ဖြစ်သည်။

ပုံစံအမျိုးမျိုး ရှိနေသည်ဖြစ်သောကြောင့် ယခုလမ်းညွှန်သည် နိုင်ငံတစ်ခုခြင်းစီအလိုက် ထုတ်ပြန်ထားသည့် ဥပဒေ သို့မဟုတ် စည်းကမ်းသတ်မှတ်ချက် လိုက်လျောညီထွေ ဖြစ်နေမည်မဟုတ်ပါ။ ပွင့်လင်းမြင်သာမှု ဆောင်ရွက်ရန်အတွက် တစ်ခုတည်းသော လမ်းညွှန်အဖြစ်လည်း ရည်ရွယ်ပြုစုထားခြင်း မရှိပါ။ တစ်ကမ္ဘာလုံးတွင် အသုံးပြုနိုင်သော လမ်းညွှန်တစ်ခုကို ပြုစုနိုင်ရန် အခက်အခဲ ရှိသော်လည်း နိုင်ငံအဆင့်တွင် အသုံးပြုနိုင်သည့် လမ်းညွှန်ကိုတော့ အနာဂတ်တွင် ပြုစုလာနိုင်ဖွယ် ရှိပါသည်။ ယခုလမ်းညွှန်တွင် နိုင်ငံပိုင် လုပ်ငန်းများ၏ ထုတ်ပြန်မှု လုပ်ငန်းအဆင့်ဆင့်တွင် သတ်မှတ်ချက်များ၊ ဌာနတွင်း သတ်မှတ်ထားသည့် စည်းကမ်းများ သို့မဟုတ် အထူးလိုက်နာရမည့် သတ်မှတ်ချက်များအဖြစ် ပေါင်းစပ်နိုင်သည့် နည်းလမ်းများ၊ လုပ်ပုံလုပ်နည်းများကို ဖော်ပြထားပါသည်။ နိုင်ငံပိုင် လုပ်ငန်းများ၏ ဖွင့်ပြမှု လုပ်ငန်းစဉ်များ တိုးတက်လာစေရန် ရည်ရွယ်၍ လမ်းညွှန်ချက်ကို ပြုစုထားသည်။ သို့သော်လည်း နိုင်ငံပိုင် လုပ်ငန်းများအနေဖြင့် ၎င်းတို့နှင့် ဆက်စပ်နေသည့် စတိတ်ဟိုဒါများကို မှန်ကန်စွာ ဖော်ထုတ်ရမည်ဖြစ်ပြီး၊ ၎င်းတို့ ဖွင့်ပြမှုသည် စတိတ်ဟိုဒါများ တင်ပြလာမှု၊ တောင်းဆိုမှုများနှင့် ကိုက်ညီမှုရှိအောင် ဆောင်ရွက်ပေးရမည် ဖြစ်သည်။

ယခုလမ်းညွှန်၏ ရည်ရွယ်ချက်မှာ တွင်းထွက် သယံဇာတ ကဏ္ဍ တာဝန်ခံမှု မြင့်လာစေရန်အတွက်၊ ပွင့်လင်းမြင်သာမှုကို မြှင့်တင်ရန် ဖြစ်သော်လည်း လတ်တလော တွေ့ရသည့် ကိစ္စများအရ[၄] ပွင့်လင်းမြင်သာမှု တစ်ခုတည်းသည် အုပ်ချုပ်စီမံမှုကောင်းတစ်ခု (good governance) ဖြစ်ပေါ်လာစေရန် လုံလောက်မှု မရှိကြောင်း တွေ့ရသည်။ သို့သော်လည်း ပွင့်လင်းမြင်သာမှုသည် ကောင်းမွန်သည့် အုပ်ချုပ်စီမံမှု၏ မဏ္ဍိုင်ကြီးများအနက် တစ်ခုဖြစ်ပြီး၊ တာဝန်ခံမှု ဖြစ်ပေါ်စေရန်အတွက် မဖြစ်မနေ ဖြတ်ကျော်ရမည့် ကိစ္စတစ်ခုလည်း ဖြစ်သည်။

ပွင့်လင်းမြင်သာမှုကို နိုင်ငံပိုင် လုပ်ငန်းများ၏ စုဖွဲ့မှုတွင် အစိတ်အပိုင်းတစ်ခုအနေဖြင့် လုပ်ငန်းအဆင့်

[၂] World Bank, *Corporate Governance; OECD, OECD Guidelines;* Transparency International, *Transparency in Corporate Reporting: Assessing Emerging Market Multinationals* (2016), http://files.transparency.org/content/download/2025/13112/file/2016_TransparencyInCorporateReporting_EMMs_EN.pdf.

[၃] Natural Resource Governance Institute, *International Best Practices for Transparency in Contract Management* (2016); David Manley and Webby Wake, *Copper Giants: Lessons from State-Owned Mining Companies in the DRC and Zambia* (Natural Resource Governance Institute, 2015); Aaron Sayne, Alexandra Gillies and Christina Katsouris, *Inside NNPC Oil Sales: A case for Reform in Nigeria* (Natural Resource Governance Institute, 2015).

[၄] ဥပမာ ဘရာဇီး၏ နိုင်ငံပိုင်လုပ်ငန်း Petrobras (Brazil) သည် အကျင့်ပျက် လာဘ်စားမှုများနှင့် အကြီးအကျယ် ပတ်သက်နေသော်လည်း ပွင့်လင်းမြင်သာမှုပိုင်းတွင် ရလဒ်ကောင်းများ ရှိနေသည်။

တစ်ခုချင်းစီတွင် ထည့်သွင်းထားမည်ဆိုပါက အကောင်းဆုံးရလဒ်များ ရရှိနိုင်ပါသည်။ ပွင့်လင်းမြင်သာမှုကို လုပ်ထုံးလုပ်နည်း အစဉ်အလာတစ်ခု (business as usual) အနေဖြင့် နိုင်ငံပိုင်လုပ်ငန်းများတွင် ထည့်သွင်းကျင့်သုံးရန် ယခုလမ်းညွှန်တွင် ဖော်ပြထားပါသည်။ နိုင်ငံပိုင် လုပ်ငန်းများအနေဖြင့် အသုံးမဝင်တော့သည့် အချက်အလက်များ သို့မဟုတ် ပင်မလုပ်ငန်းနှင့် ကင်းကွာနေသည့် ကိစ္စများ ဖော်ပြထားသည့် အစီရင်ခံစာများ ထုတ်ဝေမည့်အစား၊ စနစ်ကျစွာ အဆင့်မှီစွာဖြင့် ပွင့်လင်းမြင်သာမှု ရှိလာစေရန် ဆောင်ရွက်သင့်သည်။ ယခုလမ်းညွှန်ချက်တွင် EITI အဖွဲ့ဝင် လုပ်ငန်းဆောင်ရွက်မှု (mainstreaming)[၅] အားကောင်းလာစေရန်အတွက်

- သတင်းအချက်အလက် အပြည့်အစုံ၊ ချိတ်ဆက်နားလည်နိုင်အောင် ပြည့်စုံသည့် အချက်အလက်များ ထုတ်ပြန်ပေးရန်
- သင့်တော်သည့် ကာလသတ်မှတ်ချက်အတွင်း ပုံမှန် ဖြည့်စွက်မွမ်းမံလျက် ထုတ်ပြန်ပေးရန်
- စတိတ်ဟိုဒါများ ပြုပြင်အသုံးချနိုင်သည့် ပုံစံ (open format) ဖြင့် ထုတ်ပြန်ပေးရန်
- နိုင်ငံပိုင်လုပ်ငန်းများ၏ နိစ္စဒူဝ ကိစ္စများတွင် ပွင့်လင်းမြင်သာမှုကို အပြည့်အဝ ပေါင်းစပ်ရန် ဖော်ပြထားပါသည်။ အချက်အလက်များ စနစ်တကျ စုစည်းခြင်း၊ ထုတ်ပြန်ခြင်းအားဖြင့် ပေါ်ပေါက်လာသည့် ဖွင့်ပြမှုများသည် အစီရင်ခံစာ ပုံမှန် ထွက်ရှိရေး၊ အမှန်တကယ် အသုံးတည့်ရေးကို မြင့်တက်စေမည် ဖြစ်ပါသည်။

## ရည်ရွယ်သည့် အသိုင်းအဝိုင်း

နိုင်ငံပိုင်လုပ်ငန်း၏ ဆုံးဖြတ်ချက် ချသူများအတွက် နိုင်ငံပိုင်လုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှု၊ အုပ်ချုပ်စီမံမှု တိုးတက်စေရန် လုပ်ငန်းသဘာဝနှင့် နီးစပ်မှုအရှိဆုံး ထုတ်ပြန်ဖွင့်ပြမှု နည်းလမ်းများကို ရွေးချယ်နိုင်ရန်အတွက် လမ်းညွှန်ချက်များကို ဖော်ပြထားပါသည်။ နိုင်ငံပိုင်လုပ်ငန်းများ၏ ဖွင့်ပြမှုကို စောင့်ကြည့်သည့်၊ ဆန်းစစ်နေသည့် အရပ်ဘက် လူ့အဖွဲ့အစည်း၊ လွှတ်တော် ကော်မတီများ ကဲ့သို့သော စောင့်ကြည့် ထောက်ပြသည့် အစုအဖွဲ့များအတွက်လည်း ရည်ရွယ်ပါသည်။ နိုင်ငံပိုင် လုပ်ငန်းများအနေဖြင့် ချိတ်ဆက် လေ့လာနိုင်ရန် နိုင်ငံတကာမှ ဆောင်ရွက်ပုံကောင်းများကိုလည်း ဖော်ပြထားပြီး၊ နိုင်ငံပိုင်လုပ်ငန်းများအတွက် သီးသန့် အကြံပြု တိုက်တွန်းမှုများ ပြုလုပ်ထားပါသည်။

## စာတမ်း စီစဉ်ထားပုံ

လမ်းညွှန်စာတမ်းတွင် ထုတ်ပြန်ဖွင့်ပြရမည့် ကိစ္စများ (မည်သည့်ကိစ္စများ ဖွင့်ပြရမည်) ကို ဖော်ပြထားသည်။ နိုင်ငံပိုင် လုပ်ငန်းများအနေဖြင့် ဖွင့်ပြမှုနည်းလမ်း ရွေးချယ်သည့်အခါတွင် အသုံးပြုနိုင်သည့် အခြေခံ သတ်မှတ်ချက်များ၊ နည်းလမ်းများ (အချက်အလက်များ ဖွင့်ပြရမည့် ပုံစံ)ကို ဖော်ပြထားပါသည်။ ဇယားကွက် (၁) တွင် နိုင်ငံပိုင်လုပ်ငန်းများ ဖွင့်ပြသင့်သည့် ကိစ္စများကို အကျဉ်းချုပ် ဖော်ပြထားပါသည်။

---

၅ အုပ်ချုပ်မှုစနစ် နှင့် စီမံမှုစနစ်များတွင် ပွင့်လင်းမြင်သာမှုကို မပါမဖြစ်၊ နေ့စဉ်ဆောင်ရွက်ရမည့် ကိစ္စတစ်ခုအဖြစ် အသိအမှတ်ပြု၊ ကျင့်သုံးရန် အားပေးခြင်းကို (mainstreamin) ဟု EITI တွင် ဆိုထားသည်။ https://eiti.org/mainstreaming.

ဇယားကွက် (၁) နိုင်ငံပိုင်လုပ်ငန်းများ ထုတ်ပြန်ဖွင့်ပြသင့်သည့် ကိစ္စများ

<table>
<tr><th>နိုင်ငံပိုင်လုပ်ငန်းမှ ထုတ်ပြန် ဖွင့်ပြရမည့် အကြောင်းအရာ အမျိုးအစားများ</th><th>ပါဝင်သည့် အကြောင်းအရာ</th><th>ဆောင်ရွက်ရမည့် ပုံစံ</th></tr>
<tr><td rowspan="2">ကဏ္ဍ အခြေအနေ<br>(sector context)</td><td>ဥပဒေပိုင်း၊ ဌာနစုဖွဲ့မှုပိုင်း အခြေအနေ</td><td rowspan="15">ပြည်သူတိုင်း သိရှိနိုင်ရမည်<br><br>သတင်းအချက်အလက် မှန်ကန် စိတ်ချနိုင်ရမည်<br><br>အချိန်မှန် ထုတ်ဝေရမည်<br><br>အပြည့်အစုံ ဖော်ပြရမည်<br><br>အကြိမ်ရေ ပြည့်မီအောင် ထုတ်ဝေရမည်<br><br>အချိန်မှန် ထုတ်ဝေရမည်</td></tr>
<tr><td>စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး နှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေ</td></tr>
<tr><td rowspan="6">လုပ်ငန်းရည်ရွယ်ချက်၊ စုဖွဲ့မှုပုံစံ၊ စုစည်းဆောင်ရွက်မှု<br>(mission, structure and organization)</td><td>ရည်ရွယ်ချက်များ</td></tr>
<tr><td>ပိုင်ဆိုင်မှု (အမှန်တကယ် အကျိုးခံစားခွင့် ရှိသူ အပါအဝင်)</td></tr>
<tr><td>လုပ်ငန်းဖွဲ့စည်းပုံ</td></tr>
<tr><td>ဝန်ထမ်းအင်အား</td></tr>
<tr><td>မိတ်ဖက် အဖွဲ့အစည်းများ</td></tr>
<tr><td>လုပ်ငန်း စီမံအုပ်ချုပ်မှု</td></tr>
<tr><td rowspan="3">ဆောင်ရွက်သည့် လုပ်ငန်းများ<br>(Role)</td><td>ဝင်ငွေရှာသည့် ဆောင်ရွက်ချက်များ</td></tr>
<tr><td>ဝင်ငွေရှာဖွေရေး မဟုတ်သည့် အခြား ဆောင်ရွက်ချက်များ</td></tr>
<tr><td>သဘောတူညီချက်များ</td></tr>
<tr><td rowspan="2">ဆောင်ရွက်ချက် နှင့် ရလဒ်များ<br>(performance and results)</td><td>ဆောင်ရွက်ချက်များ (ထုတ်လုပ်မှု၊ ရောင်းချရမှု၊ ထုတ်လုပ်မှုစွမ်းအား)</td></tr>
<tr><td>ငွေရေးကြေးရေး မြတ်စွန်းမှု (financial results)</td></tr>
<tr><td>အစိုးရ သို့မဟုတ် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများသို့ လွှဲပြောင်းပေးမှု</td><td>အစိုးရ သို့မဟုတ် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများသို့ လွှဲပြောင်းပေးမှု ပေးသွင်းမှု/ ၎င်းတို့ထံမှ လက်ခံရရှိမှု</td></tr>
<tr><td>ဆိုးကျိုး သက်ရောက်မှုများ<br>(impact)</td><td>လူမှုရေး၊ သဘာဝ ပတ်ဝန်းကျင်၊ လူ့အခွင့်အရေး၊ လူမှုဝတ္တရား ပြန်လည်ဖြည့်ဆည်း ဆောင်ရွက်ပေးမှု အခြေအနေ</td></tr>
</table>

# ၁။ ထုတ်ပြန်ဖွင့်ပြရမည့် ကိစ္စများ

အမှန်တကယ် အကျိုးရှိသည့် ဖွင့်ပြမှုတွင် နိုင်ငံပိုင်လုပ်ငန်းနှင့် ဆက်စပ်နေသည့် စတိတ်ဟိုဒါများ (ရှယ်ယာရှင်များ၊ ရင်းနှီးမြှုပ်နှံသူများ၊ အခွန်ထမ်း ပြည်သူများ၊ စည်းကမ်း ထိန်းသိမ်းသူများ၊ အရပ်ဘက်လူ့အဖွဲ့အစည်း၊ စီးပွားဖက်များ) နှင့် သက်ဆိုင်သည့်ကိစ္စများ ပါဝင်သည်။ ဖွင့်ပြမှု ပြုလုပ်ရာတွင် အောက်ဖော်ပြပါ အမျိုးအစား ၆ မျိုးကို ယေဘုယျအားဖြင့် တွေ့မြင်ရသည်။

- ကဏ္ဍ အခြေအနေ (sector context)
- လုပ်ငန်းရည်ရွယ်ချက်၊ စုဖွဲ့မှုပုံစံ၊ စုစည်းဆောင်ရွက်မှု (mission, structure and organization)
- ဆောင်ရွက်သည့် လုပ်ငန်းများ (Role)
- ဆောင်ရွက်ချက်နှင့် ရလဒ်များ (performance and results)
- အစိုးရ သို့မဟုတ် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများသို့ လွှဲပြောင်းပေးမှု
- သက်ရောက်မှုများ (impact)

အထက်ဖော်ပြခဲ့ပါနှင့် ဆက်လက်ဖော်ပြမည့် အမျိုးအစားများသည် ပုံသေ မဟုတ်ပဲ၊ ယခု လမ်းညွှန်စာတမ်းအတွက်သာ ရည်ရွယ်သတ်မှတ်ထားခြင်း ဖြစ်သည်။ အကြောင်းအရာ ထပ်ခြင်းများ ဖြစ်ပေါ်နိုင်သောကြောင့် ဘောင်တစ်ခု သတ်မှတ်လိုက်ခြင်း မဟုတ်ပဲ လွတ်လပ်စွာ လေ့လာနိုင်ပါသည်။ ဥပမာအားဖြင့် အချို့သော နိုင်ငံပိုင် လုပ်ငန်းများသည် ဘုတ်အဖွဲ့ဝင်များ၏ ခံစားခွင့်ကို လုပ်ငန်းစီမံမှုအချက်အလက်များနှင့်တကွ ဖော်ပြထားကြသော်လည်း အချို့လုပ်ငန်းများက အခြားကိစ္စများနှင့်အတူ ထုတ်ပြန်သည်လည်း ရှိသည်။ အရေးအကြီးဆုံးမှာ သတင်းအချက်အလက်များကို အချိတ်အဆက်မိမိ ထုတ်ပြန်ရန် ဖြစ်သည်။ ယခု လမ်းညွှန်ချက်တွင် ဖော်ပြထားသည့် ကိစ္စအမျိုးအစား ၆ မျိုးသည် အမျိုးမျိုး ကွဲပြားသည့် နိုင်ငံပိုင်လုပ်ငန်းများ တစ်ခုခြင်းအနေဖြင့် ထုတ်ပြန်မှုများ ပြုလုပ်ရာတွင် အံဝင်ခွင်ကျ ဆောင်ရွက်နိုင်သည့် အတိုင်းအတာ ဖြစ်ပါသည်။ အချို့သော ကိစ္စများသည် နိုင်ငံပိုင်လုပ်ငန်းတစ်ခုခုနှင့် ပို၍ နီးစပ်မှုရှိနိုင်သောကြောင့် နီးစပ်မှုအလိုက် ကျင့်သုံးသင့်ပါသည်။ ဥပမာအားဖြင့် စတော့ဈေးကွက် တင်ထားသည့် နိုင်ငံပိုင်လုပ်ငန်းများသည် ထုတ်ပြန်မှုနှင့် ဆိုင်ပြီး ၎င်းအတွက် သီးသန့် သတ်မှတ်ချက်များကို လိုက်နာရမည်ဖြစ်သည်။ ဘတ်ဂျတ်ပြင်ပ လုပ်ငန်းများကို အကြီးအကျယ် ဆောင်ရွက်ရသည့် နိုင်ငံပိုင်လုပ်ငန်းများ အနေဖြင့်လည်း ၎င်းတို့၏ ဝင်ငွေရှာဖွေခြင်း မဟုတ်သည့် ဆောင်ရွက်ချက်များအကြောင်း ရှင်းပြနိုင်ရန် သီးသန့် ဆောင်ရွက်ရမည်ဖြစ်ပြီး၊ နောက်ဆုံး ရလဒ်ပေါ် ယင်းလုပ်ငန်းများ၏ သက်ရောက်မှုများကို ရှင်းပြနိုင်ရန် အားထုတ်ရမည်ဖြစ်သည်။

## အမျိုးအစား (၁) ကဏ္ဍအခြေအနေ (SECTOR CONTEXT)

နိုင်ငံပိုင် လုပ်ငန်းတစ်ခု၏ လုပ်ငန်းဆောင်ရွက်မှု အတိုင်းအတာ၊ မဟာဗျူဟာနှင့် ရလဒ်များအကြောင်းကို နိုင်ငံသားများအနေဖြင့် နားလည်နိုင်အောင် ရည်ရွယ်၍ ယခုအမျိုးအစားတွင် အကျုံးဝင်သည့် အချက်အလက်များ ထုတ်ပြန်ပေးရမည်။ ဝန်ကြီးဌာန၊ လုပ်ငန်း စောင့်ကြည့်ထိန်းကျောင်းသည့် ဌာနများကဲ့သို့သော အခြားသော အစုအဖွဲ့များထံမှ အလားတူ အချက်အလက်များ ရရှိလေ့ရှိသည်။ သို့မဟုတ် ဥပဒေအသစ် ထွက်ပေါ်လာ သို့မဟုတ် နိုင်ငံရေး အကျပ်အတည်းများကြောင့် လူသိရှင်ကြားဖြစ်ပေါ်လာတတ်သည်။ နိုင်ငံပိုင်လုပ်ငန်းများ၏ ထုတ်ပြန်မှုတွင် နောက်ခံ အချက်အလက်များအကြောင်းကို ထည့်သွင်းထားခြင်းအားဖြင့် စတိတ်ဟိုဒါများသည် ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်၊ ဘဏ္ဍာရေးကိစ္စ ပြင်ပ အချက်အလက်များကို မှန်မှန်ကန်ကန် အဓိပ္ပါယ် ဖော်နိုင်မည်ဖြစ်သည်။ အောက်ဖော်ပြပါ အချက်အလက်များကို နိုင်ငံပိုင်လုပ်ငန်းများမှ ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်ထားရန် ဖြစ်ပြီး စာတမ်းဒုတိယပိုင်းတွင် ဖော်ပြထားသည့် အခြေခံမှုများအတိုင်း စုစည်းပေးရမည်ဖြစ်သည်။

### ၁) ဥပဒေ နှင့် ဌာနစုဖွဲ့မှုဆိုင်ရာ အခြေအနေ (Legal and institutional context)

တွင်းထွက်တူးဖော်ရေးလုပ်ငန်းကို ထိန်းကျောင်းလမ်းညွှန်သည့် ဥပဒေများအကြောင်းကို စတိတ်ဟိုဒါများ သိရှိရန်အတွက် ယခုခေါင်းစဉ်ပါ အကြောင်းအရာများကို ထုတ်ပြန်ပေးရန် လိုသည်။ လုပ်ငန်းတွင်း

ဆက်စပ်နေသည့် အစုအဖွဲ့များကို သိရှိနိုင်ရန်နှင့် ၎င်းတို့၏ အခန်းကဏ္ဍများကို သိရှိစေရန် ထုတ်ပြန်ပေးရန် ဖြစ်သည်။

### *က) ဥပဒေများ နှင့် နည်းဥပဒေများ (Laws and regulations)*

ဥပဒေသတ်မှတ်ချက်များ၊ ဘဏ္ဍာရေးဆိုင်ရာ သတ်မှတ်ချက်များ၊ နိုင်ငံပိုင် လုပ်ငန်းများ၏ သတ်မှတ်ချက်များ၊ လုပ်ငန်းဆောင်ရွက်ပုံများနှင့် ဆိုင်သည့် အချက်အလက်များကို ထုတ်ပြန်ပေးရမည်ဟု EITI တွင် သတ်မှတ်ထားသည်။ (EITI သတ်မှတ်ချက် ၂.၁) ဝန်ကြီးဌာနများ နှင့် အစိုးရဌာနများမှ ယင်းအချက်အလက်များကို ရံဖန်ရံခါ ထုတ်ပြန်ကြသည်များ ရှိသော်လည်း နိုင်ငံပိုင်လုပ်ငန်းများအနေဖြင့်လည်း ထုတ်ပြန်မှုများ ပြုလုပ်ခြင်းသည် ကောင်းမွန်သည့် အလေ့အထဖြစ်သည်။ အခြားထုတ်ပြန်မှုများအတွက် နောက်ခံ အချက်အလက်များအဖြစ် အသုံးပြုနိုင်သည်၊ ဥပဒေနှင့် လက်တွေ့ လုပ်ငန်းဆောင်ရွက်ပုံကြားမှ ကွာဟမှုများ ရှိရခြင်း၏ နောက်ခံအကြောင်းအရာ အဖြစ်လည်း ရည်ရွယ် အသုံးပြုနိုင်သည်။[၆]

နိုင်ငံပိုင်လုပ်ငန်းမှ ထုတ်ပြန်မှုများတွင် –

၁) ကဏ္ဍအလိုက် သီးသန့် ထုတ်ပြန်ထားသည့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ (ဥပမာ – ရေနံဥပဒေ၊ လိုင်စင်လုပ်ငန်း နည်းဥပဒေ သတ်မှတ်ချက်များ)

၂) နိုင်ငံပိုင်လုပ်ငန်းကို ထိန်းကျောင်းသည့် လုပ်ငန်းဆိုင်ရာ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ

၃) နိုင်ငံပိုင်လုပ်ငန်းများ၏ ထုတ်ပြန်မှုနှင့်ဆိုင်သည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ

၄) နိုင်ငံပိုင်လုပ်ငန်း နည်းဥပဒေများ သို့မဟုတ် အလားတူ သက်ရောက်မှုရှိသည့် သတ်မှတ်ချက်များ

၅) သဘာဝ ဝန်းကျင်၊ လူမှုဝန်းကျင်၊ ကျန်းမာရေးဆိုင်ရာ ဥပဒေများ လုပ်ထုံးလုပ်နည်းများ

၆) မြေယာအခွင့်အရေးဆိုင်ရာ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ

၇) အလုပ်သမား ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ

ပြည်တွင်းမှ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ပေးသည့်အပြင် နိုင်ငံပိုင် လုပ်ငန်းတွင် ကျင့်သုံးနေသည့် International Labour Organization's eight fundamental conventions, United Nations Convention against Corruption သို့မဟုတ် International Finance Corporation's Performance Standards on Environmental and Social Sustainability တို့ကဲ့သို့သော ဒေသတွင်း သို့မဟုတ် နိုင်ငံတကာ စံနှုန်းနှင့် သတ်မှတ်ချက်များကိုလည်း ထုတ်ပြန်ပေးသင့်သည်။

### *ခ) အရေးပါသည့် အစုအဖွဲ့များ (Key industry players)*

နိုင်ငံရှိ သယံဇာတ တူးဖော်ရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေသည့် အရေးပါသည့် အစုအဖွဲ့များတွင် နိုင်ငံပိုင် လုပ်ငန်းများသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ ကဏ္ဍအသီးသီးတွင် တာဝန်ယူထားသည့် နိုင်ငံပိုင် လုပ်ငန်းများ၏ လုပ်ငန်းတာဝန်များအကြောင်းကို ပြင်ပမှ အစုအဖွဲ့များ သိရှိအောင် ထုတ်ပြန်ထားပေးရန် အရေးကြီးသည်။ ထုတ်ပြန်မှုများ ပြုလုပ်ရာတွင် အောက်ဖော်ပြပါ အစုအဖွဲ့များနှင့် ဆက်ဆံရေးကို ရှင်းလင်းပေးရန် လိုအပ်သည်။ လုပ်ငန်းတာဝန်ခွဲဝေမှု၊ စောင့်ကြည့်ထိန်းကျောင်းမှု၊[၇] စီးပွားရေးဆိုင်ရာ ဆက်နွယ်မှု၊ အခြား ပူးပေါင်းဆောင်ရွက်မှုများအကြောင်းကို ရှင်းပြပေးရန် လိုသည်။

၁) အစိုးရ ဝန်ကြီးဌာနများ နှင့် ဦးစီးဌာနများ

၆ နော်ဝေနှင့် ချီလီသည် ဥပမာကောင်း ဖြစ်သည်။ ဥပမာ Statoil, *2016 Annual Report* (2016), 37–39, https://www.statoil.com/content/dam/statoil/documents/annual-reports/2016/statoil-2016-annualreport-20-F.pdf.pdf and Codelco, 2016 Annual Report (2016), 26, https://www.codelco.com/memoria2016/en/pdf/annual-report/annual-report-2016.pdf, respectively.

၇ ချီလီနိုင်ငံပိုင် လုပ်ငန်းကို စောင့်ကြည့်မှုများ ပြုလုပ်နေသည့် ဌာနများစာရင်းကို ထုတ်ပြန်ပေးခဲ့သည်။ စာရင်းစစ်လုပ်ငန်းတွင် ပါဝင်သည့် ကော်မရှင်များ၊ ကော်မတီများနှင့်ဆိုင်သည့် အချက်အလက်များကိုလည်း ထုတ်ပြန်ထားပေးသည်။ Codelco, *2016 Annual Report* (2016), 27 and 44.

၂) အခြား နိုင်ငံပိုင်လုပ်ငန်းများ

၃) လွှတ်တော်အစုအဖွဲ့ (ဥပမာ ကဏ္ဍအလိုက် ကော်မတီများ)

၄) အရေးပါသည့် ပုဂ္ဂလိက အစုအဖွဲ့များ (ဥပမာ – အကျိုးတူ ဖက်စပ် သို့မဟုတ် အမြတ်ခွဲဝေမှု သဘောတူညီမှု စာချုပ်တို့ဖြင့် နိုင်ငံပိုင်လုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အစုအဖွဲ့များ)[၈]

၅) သက်ဆိုင်ရာ စည်းကမ်းထိန်းသိမ်းသူများ သို့မဟုတ် စောင့်ကြည့်မှု ပြုလုပ်သည့် အစုအဖွဲ့များ (ဥပမာ – အခွန်ကောက်ခံသည့် ဌာနများ၊ ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြည့်သူများ၊ စာရင်းစစ်၊ ပြဿနာဖြေရှင်းရေး အစုအဖွဲ့၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်)

အခြားသော အစိုးရ ဦးစီးဌာနများ၊ အထူးသဖြင့် ကဏ္ဍ ထိန်းကျောင်းစီမံရန် တိုက်ရိုက် တာဝန်ရှိသည့် ဝန်ကြီးဌာနများ နှင့် ဦးစီးဌာနများအကြောင်းကို နိုင်ငံပိုင်လုပ်ငန်းများ စောင့်ကြည့်ထိန်းကျောင်းမှု လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံပိုင် လုပ်ငန်းများ၏လုပ်ငန်းဆောင်ရွက်ချက်များ၊ အခြားဆောင်ရွက်မှုများနှင့်တကွ ထုတ်ပြန်ပေးခြင်းဖြင့် နိုင်ငံပိုင် လုပ်ငန်းများအကြောင်းကို ပို၍ နားလည်လာမည် ဖြစ်သည်။

## ၂) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နှင့် သဘာဝ ဝန်းကျင်ဆိုင်ရာ နောက်ခံအခြေအနေ

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နှင့် သဘာဝ ဝန်းကျင်ဆိုင်ရာ အချက်အလက်များသည် နိုင်ငံပိုင် လုပ်ငန်းများ၏ လုပ်ငန်းများနှင့် ရလဒ်များပေါ်တွင် သက်ရောက်မှုများ ရှိသည်။ အချို့သော အခြေအနေများတွင် အန္တရာယ်ကြီးမားသည့် ကိစ္စများအဖြစ် ပြောင်းလဲသွားတတ်သည်။ ပွင့်လင်းမြင်သာမှုဟု ဆိုရာတွင် အရေအတွက်ပြ အချက်အလက်များ (quantitative data) သက်သက်ဖြင့်သာ ရှင်းလင်းအောင် ဖော်ပြ၍ မရပါ။ ပွင့်လင်းမြင်သာမှု ပြုလုပ်ရန်အတွက် နောက်ခံအချက်အလက်များ သိုင်းဝိုင်း၍ ဖော်ပြထားသည့် အရည်အချင်းပြ အချက်အလက်များ (qualitative data) သည်လည်း စာရင်းဇယား အရေအတွက် ကဲ့သို့ပင် တန်းတူအရေးပါသည်။ အဆင့်မီသည့် ထုတ်ပြန်မှုပုံစံဟု ဆိုရာတွင် အပြောင်းအလဲ ဖြစ်နိုင်သည့် သတင်းအချက်အလက်များ၊ ပုံသေ မှတ်ယူနိုင်သည့် သတင်း အချက်အလက်များ ထုတ်ပြန်ပေးခြင်းကို ဆိုလိုသည်။ ပါဝင်ရမည့် အကြောင်းအရာများကို အောက်တွင် ဖော်ပြထားပါသည်။[၉]

### *က) ပုံသေ မှတ်ယူနိုင်သည့် အချက်အလက် (constant information)*

၁) နိုင်ငံ၏ တူးဖော်ရေးလုပ်ငန်း သမိုင်းကြောင်း၊ အပေါ်ယံ သုံးသပ်ချက်

၂) ဖောက်ပြန် ဒုက္ခပေးနိုင်သည့် အကြောင်းတရားများ (နိုင်ငံရေး၊ စည်းကမ်းပိုင်း၊ ဥပဒေ၊ ဈေးကွက် အပြောင်းအလဲ၊ အပြိုင်အဆိုင် လုပ်ငန်းများ၊ ပဋိပက္ခ နှင့် လုံခြုံရေး ပြဿနာများ၊ ဘူမိဗေဒဆိုင်ရာ အချက်အလက်များ၊ ရာသီဥတု အခြေအနေ၊ ဈေးနှုန်း အတက်အကျ)

### *ခ) အပြောင်းအလဲ ဖြစ်နိုင်သည့် အချက်အလက်များ (Variable information)*

၁) လုပ်ငန်းကဏ္ဍကို ထိခိုက်မှုများ ဖြစ်စေနေသည့် စီးပွားရေး သို့မဟုတ် နိုင်ငံရေးဆိုင်ရာ အပြောင်းအလဲကြီးများ

၂) ဥပဒေ၊ စည်းကမ်းပိုင်း ပြောင်းလဲမှုများ (ဥပမာ – ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်း၊ စည်းကမ်းထိန်းသိမ်းရေး အဖွဲ့အသစ်များ

၃) ဆိုင်းငံ့ထားသည့် စုံစမ်းစစ်ဆေးမှုများ သို့မဟုတ် အမှုကြားနာမှုများ

၄) အပြောင်းအလဲ (ဥပမာ ဈေးနှုန်း၊ အရံပမာဏ၊ ထုတ်လုပ်မှု ပမာဏ)

၅) ထင်ရှားသည့် ဖြစ်စဉ်များ (ဥပမာ ရာသီဥတု အပြောင်းအလဲ၊ လာဘ်စားမှု၊ နည်းပညာပိုင်းဆိုင်ရာ

---

၈ ချီလီနိုင်ငံပိုင် လုပ်ငန်းကို စောင့်ကြည့်မှုများ ပြုလုပ်နေသည့် ဌာနများစာရင်းကို ထုတ်ပြန်ပေးခဲ့သည်။ စာရင်းစစ်လုပ်ငန်းတွင် ပါဝင်သည့် ကော်မရှင်များ၊ ကော်မတီများနှင့်ဆိုင်သည့် အချက်အလက်များကိုလည်း ထုတ်ပြန်ထားပေးသည်။ Codelco, *2016 Annual Report* (2016), 27 and 44.


၉ Codelco, *2016 Annual Report* (2016), 28–29.

ပြဿနာ ကြီးကြီးမားမားများ၊ လုပ်ငန်းတွင် မတော်တဆမှု အကြီးစား ဖြစ်ပေါ်ခြင်း၊ စာချုပ်များ ပြန်လည်ညှိနှိုင်းခြင်း)

၆) အခြား အခွင့်အလမ်းများ နှင့် အခက်အခဲများ

နိုင်ငံပိုင် လုပ်ငန်းများအနေဖြင့် အပြောင်းအလဲနှင့်ဆိုင်သည့် အချက်အလက်များကို အချိန်မနှောင်းစေပဲ၊ အကြိမ်ရေအားဖြင့်လည်း လုံလုံလောက်လောက် ထုတ်ပြန်မှုများ ပေးရမည်။ ထုတ်ပြန်ရမည့်ပုံစံ အသေးစိတ်ကို ယခုစာတမ်း ဒုတိယပိုင်းတွင် ဖော်ပြထားပါသည်။

တစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်ပြီး နှစ်ပတ်လည် အစီရင်ခံစာ ထုတ်ပြန်မှုတွင် ချီလီနိုင်ငံမှ နိုင်ငံပိုင်လုပ်ငန်း (Codelco) ၏ ထုတ်ပြန်ချက်ကို ဥပမာကောင်းအဖြစ် အတုယူနိုင်ပါသည်။




ပုံ ၁ – ၂၀၁၆ Codelco ၏ နှစ်ပတ်လည် အစီရင်ခံစာတွင် ဖော်ပြထားသည့် လုပ်ငန်းများ။

ကိုးကား – Codelco, 2016 Annual Report, 32.

## အမျိုးအစား ၂။ ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံ၊ စုဖွဲ့ဆောင်ရွက်မှု (MISSION, STRUCTURE AND ORGANIZATION)

ရံဖန်ရံခါတွင် နိုင်ငံပိုင်လုပ်ငန်းများသည် လုပ်ငန်းဖွဲ့စည်းပုံ၊ စီမံလည်ပတ်ပုံများကိုလည်း ထုတ်ပြန်ဖွင့်ပြလေ့ ရှိသည်။ စီးပွားရေးဆိုင်ရာ၊ စီးပွားရေးနှင့်မဆိုင်သည့် အခြား ရည်မှန်းချက်များ အပါအဝင် နိုင်ငံပိုင် လုပ်ငန်းများ၏ ရည်ရွယ်ချက် သို့မဟုတ် လုပ်ပိုင်ခွင့်များကို ရှင်းလင်းစွာ သိထားခြင်းဖြင့် စတိတ်ဟိုဒါများတွင် ကောင်းကျိုးများ ဖြစ်ထွန်းနိုင်သည်။[၁၀]

### ၁) ရည်မှန်းချက်များ (Objectives)

နိုင်ငံပိုင် လုပ်ငန်းများ၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်၊ ဦးစားပေး လုပ်ငန်းများကို လုပ်ငန်း၏ စီးပွားရေး ရည်ရွယ်ချက်၊ စီးပွားရေးပြင်ပ ကိစ္စများနှင့်တကွ ကုမ္ပဏီ၏ လုပ်ပိုင်ခွင့်များကို အဆင့်မြင့် ထုတ်ပြန်မှုများ ပြုလုပ်ရာတွင် ထည့်သွင်းနိုင်သည်။ နိုင်ငံပိုင် လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှု ရည်မှန်းချက်များ သို့မဟုတ်၊ ကာလလတ် နှင့် ကာလရှည် ပန်းတိုင်များအကြောင်းကို ဖွင့်ပြမှု ပြုလုပ်ရာတွင် ထည့်သွင်းနိုင်သည်။

### ၂) ပိုင်ဆိုင်မှု (Ownership)

နိုင်ငံပိုင် လုပ်ငန်းများအနေဖြင့် အောက်ဖော်ပြပါ ကိစ္စများကို မှန်ကန်စွာ၊ အချိန်နှင့်အမျှ ပြောင်းလဲမှုများနှင့်အညီ ထုတ်ပြန်ပေးရန် လိုသည်။

၁) ပိုင်ဆိုင်မှု ပုံစံနှင့် စီစဉ်ထားရှိမှုများ (မဲပေးသည့် ပုံစံ အပါအဝင် ပိုင်ဆိုင်မှု အခွင့်အာဏာများနှင့် စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်များ၊ လုပ်ငန်းစဉ်များ)

၂) ကုမ္ပဏီစာရင်း ဖွင့်ထားသည့် စတော့ဈေးကွက်များ

၃) ငွေရင်းနှီးမှု ပုံစံနှင့် ပိုင်ဆိုင်မှု အပြောင်းအလဲများ[၁၁]

၄) ရှယ်ယာရှင်များ၏ ကိုယ်ရေး အချက်အလက်များကို တစ်ဦးချင်းစီ ပိုင်ဆိုင်သည့် ရှယ်ယာ သို့မဟုတ် စတော့ အမျိုးအစား၊ အရေအတွက်နှင့် တွဲလျက် ထုတ်ပြန်ရန်

တစ်စိတ်တစ်ပိုင်းကို ပုဂ္ဂလိကပိုင် ပြုလုပ်ထားသည့် နိုင်ငံပိုင် လုပ်ငန်းများအနေဖြင့် အမှန်တကယ် အကျိုးအမြတ် ရယူခံစားနေသူများဆိုင်ရာ အချက်အလက်များကို (beneficial ownership)[၁၂] ဖွင့်ပြရန် လိုသည်။ EITI သတ်မှတ်ချက် ၂.၅ အရ နိုင်ငံပိုင် လုပ်ငန်းများအနေဖြင့် (၁) နိုင်ငံတော် မဟုတ်ပဲ အခြား အကျိုးခံစားခွင့် ရှိသူ၏ ကိုယ်ရေး အချက်အလက်များကို အမည်၊ နိုင်ငံသား၊ နေထိုင်ရာ တိုင်းပြည်၊ နိုင်ငံရေးအာဏာရှိသူနှင့် အဆက်အသွယ်ရှိသည် ဆိုပါက ၎င်း၏ အမည်နှင့် ရာထူးများအထိ ဖွင့်ပြရန် လိုအပ်သည်။ (EITI သတ်မှတ်ချက် ၂.၅.ခ တွင် ဖော်ပြထားသည်။) (၂) ပိုင်ဆိုင်မှု ပမာဏ (၃) ပိုင်ဆိုင်မှု သို့မဟုတ် ထိန်းချုပ်နိုင်မှုကို အသုံးချပုံ အသေးစိတ် (ဥပမာ – ရှယ်ယာ အရေအတွက်၊ တိုက်ရိုက်၊ သွယ်ဝိုက် မဲပေးနိုင်သည့် ရာခိုင်နှုန်း)

---

၁၀ Statoil, *2016 Annual Report* (2016), 13–16.

၁၁ ဥပမာ – အိန္ဒိယနိုင်ငံ၏ နိုင်ငံပိုင်လုပ်ငန်း ONGC သည် ၎င်း၏ နှစ်ပတ်လည် အစီရင်ခံစာတွင် ရှယ်ယာပိုင်ဆိုင်မှု ပုံစံကို ထုတ်ပြန်ခဲ့သည်။ ONGC, *2014–2015 Annual Report* (2016), 100, http://www.ongcindia.com/wps/wcm/OngcHTML/Annual_Report_2014_15/images/AR-14-15.pdf.

၁၂ အမှန်တကယ် အကျိုးခံစားခွင့် ရရှိသည့် ပိုင်ဆိုင်သူ (A beneficial owner) ဆိုသည်မှာ ဥပဒေနှင့်အညီ စုဖွဲ့ထားသည့် အစုအဖွဲ့ တစ်ခုပေါ်တွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပြီး ထိန်းချုပ်ထားသူ၊ သို့မဟုတ် စီးပွားရေးအရ အကျိုးအမြတ်များ ရရှိနေသူ၊ ရင်းနှီးမြှုပ်နှံထားသည့် ပုဂ္ဂိုလ်ကို ဆိုလိုခြင်းဖြစ်သည်။ စတော့ စာရင်းသွင်းထားသည့် ကုမ္ပဏီများအနေဖြင့် ၎င်းတို့ စာရင်းသွင်းထားသည့် စတော့အိတ်ချိန်းအမည်၊ စတော့အိတ်ချိန်း စာရင်းသို့ ချိတ်ပေးသည့် link ကိုသာ ဖော်ပြပေးရန် လိုသည်။ (EITI Req. 2.5.f.iii).

## ၃) လုပ်ငန်းဖွဲ့စည်းပုံ (Corporate structure)

နိုင်ငံပိုင် လုပ်ငန်းများအနေဖြင့် ဗဟိုဦးစီးစနစ် သို့မဟုတ် ကုမ္ပဏီခွဲများ စုပေါင်းဆောင်ရွက်သည့် ပုံစံဖြင့် လုပ်ငန်းဆောင်ရွက်နိုင်သည်။ မည်သည့်ပုံစံဖြင့် ဆောင်ရွက်သည်ဖြစ်စေ ကုမ္ပဏီ၏ လုပ်ငန်းများ (သတ္တုတူးခြင်း၊ မတူးခြင်း)၊ ဘဏ္ဍာရေး စီးဆင်းမှုတွင် သက်ရောက်မှုများ ရှိသည်။ EITI သတ်မှတ်ချက် ၂.၆.ဘ တွင် နိုင်ငံပိုင် လုပ်ငန်းများအနေဖြင့် သတ္တုတွင်း၊ ရေနံနှင့် ဓာတ်ငွေ့ ကုမ္ပဏီများတွင် ၎င်းတို့ ပိုင်ဆိုင်ထားသည့် ပိုင်ဆိုင်မှု အနေအထားကို ဖွင့်ပြရမည်ဟု ဖော်ပြထားသည်။ နိုင်ငံပိုင် လုပ်ငန်းခွဲ သို့မဟုတ် အကျိုးတူပူးပေါင်း လုပ်ငန်းများတွင် ပါဝင်ပိုင်ဆိုင်ထားမှု အပါအဝင် ပိုင်ဆိုင်သမျှကို ဖော်ပြရန် လိုသည်။ နိုင်ငံပိုင် လုပ်ငန်းများသည် ၎င်းတို့ ဦးပိုင်ကုမ္ပဏီများ၊ ကုမ္ပဏီခွဲများ၏ –

၁) လုပ်ငန်းအမည်

၂) လုပ်ငန်းတည်နေရာ လိပ်စာ

၃) အကြီးတန်း စီမံဝန်ထမ်းများ၏ အချက်အလက် (အမည်နှင့် ကိုယ်ရေးအကျဉ်း) (ပုံ ၂ တွင် နော်ဝေမှ ဥပမာကို ဖော်ပြထားပါသည်)

၄) အဓိက လုပ်ငန်းများအကြောင်းကို ဖော်ပြထားသည့် ကုမ္ပဏီ စုဖွဲ့မှု ပုံပြဇယား[၁၃]


၅) လုပ်ငန်းစုများစာရင်း (လုပ်ငန်းစု တစ်ခုခြင်းစီ၏ အမည်၊ လိပ်စာ၊ ဖွဲ့စည်းသည့်နေ့၊ ဥပဒေကြောင်းအရ ဖွဲ့စည်းထားသည့် ပုံစံ၊ အပြည့်အဝ သို့မဟုတ် တစိတ်တပိုင်း ပိုင်ဆိုင်သည့် လုပ်ငန်းများမှ ပိုင်ဆိုင်မှု အခြေအနေများ

၆) လုပ်ငန်းများ၊ လုပ်ငန်း ဝင်ရောက်ဆောင်ရွက်နေသည့် နိုင်ငံများစာရင်း[၁၄]

၇) ပိုင်ဆိုင်မှု ပုံစံနှင့် သတ်မှတ်ချက်များ (ဥပမာ ကျသင့်သည့် စရိတ် အပြည့်အဝ ပေး၍ ပါဝင်ခြင်း (full-paid equity)၊ အရင်းမစိုက် ရှယ်ယာဝင်ခြင်း (free equity)၊ အမြတ်ခွဲယူသည့် ရှယ်ယာ (carried interest) စသည်ဖြင့် နိုင်ငံတော်၏ ပါဝင်သည့် ရှယ်ယာ အမျိုးအစား၊ ပိုင်ဆိုင်မှုပိုင်းတွင် ဖော်ပြထားသည့် အသေးစိတ် အချက်အလက်များ (EITI သတ်မှတ်ချက် ၂.၆.ဘ ကို ကြည့်ပါ)

၈) ငွေလွှဲပြောင်းပေးမှု ပုံစံ သတ်မှတ်ချက်ကြောင့် ဖြစ်ပေါ်သည့် ပိုင်ဆိုင်မှု အပြောင်းအလဲ (EITI Req. 2.6.b)

နော်ဝေနိုင်ငံ၏ နိုင်ငံပိုင် လုပ်ငန်းဖြစ်သော Statoil သည် နိုင်ငံပြင်ပမှ လုပ်ငန်းများကို ဦးဆောင်နေသူများ အပါအဝင် လုပ်ငန်းတာဝန်ခံများ အားလုံး၏ ကိုယ်ရေးအကျဉ်း၊ မွေးနေ့၊ နိုင်ငံပိုင် လုပ်ငန်းတွင်း ရှယ်ယာပိုင်ဆိုင်မှု၊ တစ်ဦးချင်းစီ၏ ပညာရေး၊ လုပ်ငန်းအတွေ့အကြုံ၊ ဗဟိုကော်မတီဝင်များ၊ ဘုတ်အဖွဲ့ သို့မဟုတ် လုပ်ငန်းကြီးကြပ်အဖွဲ့ (corporate assembly) နှင့် ဆွေမျိုးတော်စပ်မှု ရှိမရှိကို ဖော်ပြထားသည်။




ပုံ ၂။ နော်ဝေ နိုင်ငံပိုင် လုပ်ငန်း Statoil တရားဝင် စာမျက်နှာမှ စုဖွဲ့မှု အပိုင်း

ကိုးကား – "Organisation," Statoil, accessed 6 December 2017, https://www.statoil.com/en/about-us/organisation.html.

---

၁၃ ဥပမာ Codelco သည် ၎င်း၏ ၂၀၁၆ နှစ်ပတ်လည် အစီရင်ခံစာတွင် အဆင့်မြင့် စီမံမှုပိုင်း၏ စုဖွဲ့မှုပုံစံကို ထုတ်ပြန်ခဲ့သည်။ Codelco, *2016 Annual Report* (2016), 19.

၁၄ ဥပမာ Statoil ၏ ဝက်ဘ်ဆိုက်တွင် ကျွန်ုပ်တို့အကြောင်းဟု ဖော်ပြထားသည်။ "Where We Are," https://www.statoil.com/en/where-we-are.html#norway.

### ၄) ဝန်ထမ်းရေးရာ (Human resources)

နိုင်ငံပိုင် လုပ်ငန်းများ၏ ဝန်ထမ်းအင်အားကို ထုတ်ပြန်ပေးခြင်းသည်လည်း လုပ်သင့်လုပ်ထိုက်သည့် အကြောင်းအရာ ဖြစ်သည်။ ပွင့်လင်းမြင်သာမှု ရှိသည့် နိုင်ငံပိုင် လုပ်ငန်းများသည် –

၁) ဝန်ထမ်းဦးရေ (ကဏ္ဍအလိုက်၊ ပြည်တွင်း၊ ပြည်ပ၊ အချိန်ပြည့်၊ အချိန်ပိုင်း၊ လုပ်ငန်းခွဲများ သို့မဟုတ် အခြား ယူနစ်များမှ)[၁၅]

၂) ကျားမ တန်းတူရေး (Gender equality)

၃) အဝင်အထွက် (Turnover)

၄) နိုင်ငံပိုင်လုပ်ငန်းမှ ခန့်ထားသည့် နိုင်ငံသား၊ နိုင်ငံခြားသား ရာခိုင်နှုန်း

၅) ဝန်ထမ်းများ၏ အသက်အရွယ် (ဥပမာ အသက် ၃၅ နှစ်အောက် သို့မဟုတ် အထက်)

၆) ဝန်ထမ်းများ၏ ပညာရေးအဆင့်အတန်း (အဆင့်မြင့် ပညာရေး၊ အထက်တန်း ပညာရေး)

၇) လူ့စွမ်းအား အရင်းအမြစ် မူဝါဒ (စုဆောင်းခြင်း၊ လေ့လာခြင်း၊ အကဲဖြတ်ခြင်း၊ ဆိုင်းငံ့ထားခြင်း၊ လစာ နှင့် အကျိုးခံစားခွင့်)

၈) သမဂ္ဂများ နှင့် အခြား လုပ်သားကိုယ်စားလှယ်များနှင့် ဆက်ဆံရေး

၉) လူမှုရေး အကျိုးပြုလုပ်ငန်း ဆောင်ရွက်ချက်များ (ဥပမာ ပညာဆက်လက် သင်ကြားစေခြင်း၊ ဘေးအန္တရာယ် ကင်းရှင်းရေး လုပ်ငန်းများ (safety programs)

၁၀) ကျန်းမာရေး နှင့် ဘေးအန္တရာယ် ကင်းရှင်းရေး မူဝါဒ၊ မဟာဗျူဟာ နှင့် ရည်ညွှန်း တိုင်းတာချက်များ (indicators) (ပုံ ၃ ကိုကြည့်ပါ)

Occupational safety is a top priority for KMG EP's management. During the last four years the Company has conducted several large-scale initiatives aimed at maintaining employees' safety. In the first instance, this involves improving working conditions, including the construction of service and utility complexes, canteens, administrative complexes, and operators' cabins for the various Group units. Management also pays great attention to the quality of bought-in specialist work clothing, safety footwear, and personal protective equipment.

**Expenditure on Health & Safety**
million tenge

| Expenditure on Health & Safety, industrial and fire protection | 2015 | 2016 |
|---|---|---|
| OMG | 698 | 789 |
| EMG | 236 | 409 |
| KBM | 565 | 336 |
| KGM | 279 | 341 |
| Subtotal | 1,778 | 1,875 |

| Expenditure on procurement of personal protective equipment | 2015 | 2016 |
|---|---|---|
| OMG | 1,030 | 1,059 |
| EMG | 364 | 341 |
| KBM | 190 | 188 |
| KGM | 54 | 106 |
| Subtotal | 1,638 | 1,694 |
| Total amount | 3,416 | 3,569 |

ပုံ ၃။ ကာဇက်ကစ္စတန် နိုင်ငံပိုင်လုပ်ငန်း KMG ၏ ကျန်းမာရေး နှင့် ဘေးအန္တရာယ် ကင်းရှင်းရေး အသုံးစရိတ်

ကိုးကား – KMG, 2016 Annual Report, 80, https://www.kmgep.kz/eng/investor_ relations/annual_reports.

---

၁၅ ဥပမာ Ecopetrol ၏ *2015 Sustainability Report,* 363–382, http://www.ecopetrol.com.co/english/Ecopetrol-Sustainability-Report-2016.pdf.

## ၅) ဆက်စပ် အဖွဲ့အစည်းများ (Partnerships)

အကျိုးတူလုပ်ငန်းများ သို့မဟုတ် အခြားသော အမြတ်ခွဲဝေမှု သဘောတူညီချက် ပုံစံများ နှင့် နိုင်ငံပိုင်လုပ်ငန်းများနှင့် ဆက်စပ်နေသည့် ကုမ္ပဏီ အများအပြား ရှိသည်။ အပြည့်အဝ နိုင်ငံပိုင် ကုမ္ပဏီများနှင့် မတူပဲ ယင်းကုမ္ပဏီများသည် နိုင်ငံပိုင်လုပ်ငန်း၏ စွက်ဖက်ခံရမှုမှ ကင်းလွတ်ခွင့် အတိုင်းအတာတစ်ခုထိ ရှိသည်။ ဝယ်သူ သို့မဟုတ် စာချုပ်ချုပ်ဆို လုပ်ကိုင်သူ ကဲ့သို့သော အခြားသော အစုအဖွဲ့များသည် နိုင်ငံပိုင်လုပ်ငန်းများ လည်ပတ်မှုတွင် အစိတ်အပိုင်းများအဖြစ် ပါဝင်ကြသူများ ဖြစ်သည်။ ယင်းကဲ့သို့သော ဆက်ဆံရေးများ၏ သဘောသဘာဝ၊ စုဖွဲ့လည်ပတ်ပုံများ၊ နိုင်ငံပိုင်လုပ်ငန်းများ၏ မိတ်ဖက်လုပ်ငန်းများ၏ ရုပ်ထွက်များသည် နိုင်ငံပိုင်လုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်ချက်များပေါ် တိုက်ရိုက် ထိခိုက်မှု ရှိနိုင်သည်။ ထို့ပြင် လုပ်ငန်းဆုံးရှုံးခြင်း၊ စွမ်းဆောင်ရည် နိမ့်ပါးခြင်းတို့ တွေ့ရတတ်သည့် အကြောင်းရင်း ဖြစ်ကြောင်းကို ရှေ့တွင် သက်သေများလည်း ရှိခဲ့သည်။

နိုင်ငံပိုင် လုပ်ငန်းများ၏ လုပ်ပိုင်ခွင့်များအပေါ် မူတည်ပြီး မိတ်ဖက်အမျိုးအစား သို့မဟုတ် သဘောတူစာချုပ်များမှာလည်း အမျိုးမျိုး ကွဲပြားတတ်သည်။ ထို့ကြောင့် ထုတ်ပြန်မှုများကိုလည်း လုပ်ငန်း အမျိုးအစားအလိုက် ဆောင်ရွက်ရမည် ဖြစ်သည်။[၁၆] အောက်ဖော်ပြပါ ကိစ္စများ ဖွင့်ပြခြင်းဖြင့် နိုင်ငံပိုင်လုပ်ငန်း၏ မိတ်ဖက်လုပ်ငန်းများအကြောင်းကို ပို၍ ပွင့်လင်းစွာ ထုတ်ပြန်နိုင်မည်ဖြစ်သည်။

၁) လုပ်ငန်းမိတ်ဖက်အမည်[၁၇]

၂) လုပ်ငန်းလိပ်စာ

၃) ဖော်ပြရန် လိုအပ်ပါက အမှန်တကယ် အကျိုးခံစားခွင့်ရှိသူ အပါအဝင် ငွေရင်းနှီးပိုင်ရှင် (အမျိုးအစား ၂၊ အပိုင်း ၁ တွင် ဖော်ပြထားချက်ကို ကြည့်ပါ)

၄) လုပ်ငန်းများ၊ လုပ်ငန်းဝင်ရောက်လုပ်ကိုင်နေသည့် နိုင်ငံ

၅) မိတ်ဖက်ဆောင်ရွက်သည့် ပုံစံ (ဥပမာ – လုပ်ကွက်ချထားပေးခြင်း (concession)၊ အမြတ်ခွဲဝေခြင်း၊ လိုင်စင်၊ အကျိုးတူပူးပေါင်း၊ အစိုးရ – ပုဂ္ဂလိက ဖက်စပ်၊ စာချုပ်ချုပ်ဆို လုပ်ကိုင်သူများ၊ ဝယ်သူများ)

၆) ဖက်စပ်လုပ်ငန်းမှ ရရှိသည့် အမြတ်၊ ကုန်ကျစရိတ် (နိုင်ငံတွင်း ဝင်ရောက်လုပ်ကိုင်နေသည့် ရေနံနှင့် ဓာတ်ငွေ့ ကုမ္ပဏီများ၊ သတ္တုတူးဖော်ရေး ကုမ္ပဏီများသို့ ချေးထားပေးသည့် ချေးငွေများ၊ အာမခံများအကြောင်း အသေးစိတ် ဖော်ပြရန်) (EITI Req. 2.6)

## ၆) လုပ်ငန်း စီမံဆောင်ရွက်ပုံ (Corporate governance)

နိုင်ငံပိုင်လုပ်ငန်းသည် စတိတ်ဟိုဒါ အမျိုးမျိုး၏ အကျိုးစီးပွားများ မျှတအောင် ထိန်းသိမ်းနေပုံကို နားလည်နိုင်ရန်၊ လုပ်ငန်းဆောင်ရွက်မှု၊ အတွင်းစည်း ဆောင်ရွက်နေမှုများကို စောင့်ကြည့်နိုင်ရန်အတွက် နိုင်ငံပိုင်လုပ်ငန်းများ၏ လုပ်ငန်း စီမံဆောင်ရွက်ပုံကို သိရှိထားရန် လိုသည်။ စီမံပိုင်းဆိုင်ရာ အကြောင်းအရာကို အပြည့်အစုံ ထုတ်ပြန်ပေးခြင်းဖြင့် နိုင်ငံပိုင် လုပ်ငန်းအပေါ် အင်စတီကျူးရှင်း တစ်ခုအနေဖြင့်ထားသည့် ယုံကြည်မှုကို တိုးတက်စေမည်ဖြစ်သည်။ တာဝန်ခံမှု နှင့် လုပ်ငန်းကို အရေးတယူ ဆောင်ရွက်လိုသည့် ဆန္ဒရှိကြောင်းကိုလည်း ထင်ရှားစေမည်ဖြစ်သည်။ နိုင်ငံ၏ အရေးအရာများတွင် နိုင်ငံရေးမှ စွက်ဖက်မှုကို ကန့်သတ်ရန် နိုင်ငံပိုင်လုပ်ငန်းကို အသုံးချသည့် အနေအထားမျိုးတွင် အထူးသဖြင့် အရေးကြီးသည်။ နိုင်ငံပိုင်လုပ်ငန်း အများစုသည် ၎င်းတို့ ဒါရိုက်တာ ဘုတ်အဖွဲ့ စုဖွဲ့မှုကို ထုတ်ပြန်ထားကြသော်လည်း[၁၈] အခြားသော စီမံရေးရာ ကိစ္စများမှ နိုင်ငံပိုင်လုပ်ငန်းများ၏ ထုတ်ပြန်မှုများတွင် ပါဝင်

---

၁၆ ဥပမာ Statoil သည် နေရာအနှံ့တွင်ရှိသော ၎င်းတို့၏ စီးပွားဖက်များအကြောင်းကို ၎င်းတို့ဝက်ဘ်ဆိုက်၏ "Where We Are" တွင် ဖော်ပြထားသည်။ https://www.statoil.com/en/where-we-are.html#norway.

၁၇ ဥပမာ "Annexure E," in ONGC (India), *2015 Annual Report* (2016), http://www.ongcindia.com/wps/wcm/PDF/AnnualReport/annual_report15-16.pdf; "F-108-110," in YPF (Argentina), 2015 Annual Report (2015), http://www.ypf.com/enu/InversoresAccionistas/Lists/InformeAnualForm20/YPF-20F-2015.pdf; See Pertamina (Indonesia), 2016 Annual Report (2016), 114–116, http://www.pertamina.com/media/5e70a57f-e2ec-4429-bbfe-292af2fbb7db/AR_Pertamina_2016.pdf.

၁၈ 2017 Resource Governance Index အရ လေ့လာခဲ့သည့် နိုင်ငံပိုင်လုပ်ငန်း ၇၄ ခုတွင် ၆၀ သာ ဘုတ်အဖွဲ့ဝင်များ စာရင်းကို ထုတ်ပြန်ထားသည်။

မှု မရှိပဲ ဖြစ်နေသည်။ သို့မဟုတ် တစ်စိတ်တစ်ပိုင်းသာ ပါဝင်မှု ရှိနေသည်။

### *က) ဒါရိုက်တာ ဘုတ်အဖွဲ့ နှင့် အကြီးတန်း အရာရှိများ (Board of directors and senior executives)*

ဘုတ်အဖွဲ့ဝင်များ စာရင်းကို ထုတ်ပြန်သည့်အပြင်

၁) ဘုတ်အဖွဲ့ဝင် ခန့်အပ်သည့် လုပ်ငန်းစဉ်၊ လုပ်ခလစာ၊ အလုပ်မှ ရပ်နားခြင်း၊ အငြိမ်းစားယူခြင်း နှင့် အခြား အကျိုးခံစားခွင့်များ အပါအဝင် ဘုတ်အဖွဲ့၏ လုပ်ပိုင်ခွင့်၊ စည်းမျဉ်းများ နှင့် လုပ်ထုံးလုပ်နည်းများ။

၂) ဘုတ်အဖွဲ့ အစည်းအဝေး ပြုလုပ်သည့် အကြိမ်၊ နေ့စွဲ၊ နှစ်ပတ်လည် အထွေထွေ အစည်းအဝေး၏ မှတ်တမ်းများ[၁၉]

၃) ဘုတ်အဖွဲ့ဝင်များ နှင့် အကြီးတန်း အရာရှိများ၏ အမည် (ဓာတ်ပုံ၊ အသက်အရွယ်၊ နိုင်ငံသား အစရှိသော အချက်များ ပါလျှင် ပိုသင့်တော်ပါသည်)

၄) တစ်ဦးချင်းစီ၏ ကိုယ်ရေးရာဇဝင် သို့မဟုတ် ပညာရေး နှင့် လုပ်ငန်းအတွေ့အကြုံများကို ဖော်ပြထားသည့် ကိုယ်ရေးအကျဉ်း[၂၀]

၅) ဘုတ်အဖွဲ့ဝင်များနှင့် အကြီးတန်း အရာရှိများကို ပေးသည့် ခံစားခွင့်

၆) ဘုတ်အဖွဲ့ဝင်များ လွတ်လပ်စွာ ဆောင်ရွက်နိုင်မှု (အစိုးရမှ ဖိအား၊ ကုမ္ပဏီနှင့် ဆက်စပ်လုပ်ငန်းများမှ ဖိအား၊ လုပ်ငန်းကဏ္ဍအတွင်း ငွေကြေးတပ်မက်မှု အပါအဝင် ဖိအား အမျိုးမျိုးမှ ကင်းလွတ်လျက်)

၇) ကုမ္ပဏီတွင် ငွေရင်းနှီးပိုင်ဆိုင်မှု

၈) ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ခဲ့သည့် သမိုင်း (တာဝန်၊ နေ့စွဲ)

၉) ဘုတ်အဖွဲ့သို့ ရွေးချယ် သို့မဟုတ် တင်သွင်းခံရသည့် နေ့စွဲ

၁၀) ဘုတ်အဖွဲ့ဝင်၏ အစည်းအဝေး တက်ရောက်မှု၊ တက်ရောက်ခဲ့သည့် သင်တန်း၊ အဖွဲ့ဝင်များအား သုံးသပ်မှု

### *ခ) ကော်မတီများ*

နိုင်ငံပိုင် လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို စောင့်ကြည့်ရန်၊ ထိန်းကျောင်းရန် ဒါရိုက်တာ ဘုတ်အဖွဲ့ နှင့် ကော်မတီ အမျိုးမျိုးကို ဖွဲ့စည်းထားသည်။[၂၁] အောက်ပါ အကြောင်းအရာများကိုလည်း ဖွင့်ပြသင့်ပါသည်။

၁) ကော်မတီ တစ်ခုချင်းစီ၏ အမည် နှင့် လုပ်ပိုင်ခွင့် (ဥပမာ စာရင်းစစ်၊ ဆုံးရှုံးမှု တွက်ချက်၊ လစာ ကော်မတီ)

၂) ဖွဲ့စည်းပုံ (ပါဝင်သူများ၏ လွတ်လပ်ခွင့် အပါအဝင်)

၃) စုံစမ်းစစ်ဆေးမှု အစီရင်ခံစာများ အပါအဝင် လုပ်ငန်း အစီရင်ခံစာ

၄) အရေးပါသည့် တွေ့ရှိချက်များ နှင့် မဟာဗျူဟာ

---

၁၉ Statoil သည် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးကို ကြေညာသည်။ အစည်းအဝေးမှတ်တမ်း ထုတ်ပြန်သည်။ အင်တာနက်မှ သတင်းထုတ်ပြန်သည်။ ရှေ့အစည်းအဝေးများမှ ရလဒ်များကိုလည်း ထုတ်ပြန်သည်။ https://www.statoil.com/en/about-us/annual-general-meeting.html#our-shareholders.

၂၀ Petronas, *2016 Annual Report,* 81–89, http://www.petronas.com.my/investor-relations/Documents/annual-report/PETRONASAnnualReport2016.pdf.

၂၁ Statoil ဝက်ဘ်ဆိုက်တွင် ကော်မတီစာရင်းကို ကော်မတီ တစ်ခုခြင်းစီ၏ တာဝန်၊ အဖွဲ့ဝင်များအကြောင်းနှင့်တကွ ဖော်ပြထားသည်။

*ဂ) မူဝါဒများ နှင့် ကျင့်ဝတ်များ (Policies and codes of conduct)*

လုပ်ငန်းတွင်း မူဝါဒများနှင့် ကျင့်ဝတ်များက လုပ်ငန်းစီမံမှုကို အထောက်အပံ့ ဖြစ်စေပါသည်။ မူဝါဒနှင့် ကျင့်ဝတ်တွင် ပါဝင်သည့် အကြောင်းအရာ၊ အကောင်အထည်ဖော်ပုံများသည် နိုင်ငံပိုင် လုပ်ငန်းများ၏ ဦးစားပေး တန်ဖိုးထားသည့်အရာနှင့် စည်းကမ်းကျင့်သုံးမှု မဟာဗျူဟာကို တိုင်းတာရန် အညွှန်းကောင်း ဖြစ်သည်။ ဆက်စပ်သည့် မူဝါဒများကို ဥပမာပေးရလျှင် –

၁) ကျင့်ဝတ် သို့မဟုတ် နီတိ (ပုံ ၄ ကိုကြည့်ပါ)

၂) လာဘ်ပေးလာဘ်ယူ နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး မူဝါဒနှင့် လုပ်ငန်း[၂၂]

၃) လက်ဆောင် နှင့် ဧည့်ခံစရိတ် မူဝါဒ

၄) ကိုယ်ကျိုးရှာမှု ပပျောက်ရေး မူဝါဒ

၅) နိုင်ငံရေး ပတ်သက်မှု မူဝါဒ

၆) စာရင်းစစ် မူဝါဒ

၇) ပစ္စည်းဝယ်ယူရေး မူဝါဒ သို့မဟုတ် ဝယ်သူ ရွေးချယ်ရေး မူဝါဒ[၂၃]

၈) ဘတ်ဂျတ်ပြင်ပ အသုံးစရိတ် မူဝါဒ

၉) လူ့အခွင့်အရေးဆိုင်ရာ ကျင့်ဝတ်[၂၄]

၁၀) လူမှုအကျိုးပြုလုပ်ငန်း မူဝါဒ (Corporate social responsibility policy)

၁၁) ဘုတ်အဖွဲ့ဝင်များနှင့် အရေးပါ အရာရှိများ လစာ မူဝါဒ

၁၂) နစ်နာမှု နှင့် အခြား မကျေလည်မှု တိုင်ကြားသည့် လုပ်ငန်းစဉ် (လွဲချော်မှုများ ဖော်ထုတ်သည့် မူဝါဒ (whistleblowing policy)[၂၅] အပါအဝင်)


---

၂၂ Ecopetrol ၏ အကျင့်ပျက် လာဘ်စားမှု တိုက်ဖျက်ရေး အစီအစဉ် ၂၀၁၄ ကို ဥပမာအဖြစ် လေ့လာနိုင်ပါသည်။ http://www.ecopetrol.com.co/documentos/upload/Mapa_de_Riesgos_y_estrategia-(english).pdf.

၂၃ အင်ဒိုနီးရှားနိုင်ငံ နိုင်ငံပိုင်လုပ်ငန်း Pertamina ၏ *2016 Annual Report* (2016), 154–157, ကို ဥပမာအဖြစ် လေ့လာနိုင်ပါသည်။ http://www.pertamina.com/media/5e70a57f-e2ec-4429-bbfe-292af2fbb7db/AR_Pertamina_2016.pdf.

၂၄ ဥပမာ Petronas ၏ ကန်ထရိုက်တာများ လိုက်နာရမည့် လူ့အခွင့်အရေးဆိုင်ရာ ကျင့်ဝတ် “Contractors’ Code of Conduct on Human Rights,” Petronas, accessed 6 December 2017, http://www.petronas.com.my/investor-relations/Documents/PETRONAS Contractors Code of Conduct on Human Rights.pdf.

၂၅ Codelco ၏ စီးပွားရေးဆိုင်ရာ ကျင့်ဝတ်နှင့် တိုင်ကြားနိုင်သည့်နေရာ Business Code of Conduct and Complaint Hotline, https://www.codelco.com/memoria2016/en/pdf/mem2016codelco-values-and-transparency.pdf.




ပုံ ၄။ နိုင်ငံအလိုက်တွင် ကျင့်သုံးနေသည့် Petronas ၏ လုပ်ငန်း ကျင့်ဝတ် နှင့် နီတိ

ကိုးကား – “CoBE,” Petronas, accessed 6 December 2017, http://www.petronas.com.my/sustainability/governance/BusinessEthics/Pages/code-of-conduct-business-ethics.aspx.

### *ဃ) ဆုံးရှုံးမှု မပေါ်စေရန် စီမံခြင်း (Risk management)*

စတိတ်ဟိုဒါများအနေဖြင့် မူဝါဒများအပြင်၊ ယင်းမူဝါဒများ အကောင်အထည်ဖော်ပုံ၊ လုပ်ငန်းတွင်း ထိန်းချုပ်စီမံမှုများ လက်တွေ့ ဆောင်ရွက်မှုကိုလည်း သိရှိလိုကြသည်။ ထို့ကြောင့် နိုင်ငံပိုင်လုပ်ငန်းများ အနေဖြင့် အောက်ဖော်ပြပါ လုပ်ငန်းများကို ဖွင့်ပြရန် တိုက်တွန်းလိုပါသည်။

၁) ကော်မတီ အစီရင်ခံစာများ၊ လုပ်ငန်းတွင်း စာရင်းစစ် ရလဒ်များ၊ အဆိုး အဖြစ်အပျက်များ သို့မဟုတ် မူဝါဒ ချိုးဖောက်မှု၊ အသေးစိတ် အစီရင်ခံစာနှင့် ပြန်လည်ပြင်ဆင်သည့် လုပ်ငန်းစဉ်များကို ဖော်ပြထားသည့် ဖြစ်စဉ် စာတမ်းများ (Case studies)

၂) ဝန်ထမ်းများနှင့် စာချုပ်ဖြင့် ငှားရမ်းသူများကို သင်တန်းပို့ချမှုများ၊ ဆန်းစစ်မှုများ (အကျင့်ပျက် လာဘ်စားမှု တိုက်ဖျက်ရေး နှင့် လူ့အခွင့်အရေး)


၃) အထူး တားဆီးရေး၊ အကာအကွယ်ပေးရေး လုပ်ငန်းများ (Special prevention and protection programs)

၄) ပြန်လည်ပြင်ဆင်ရေး လုပ်ငန်းစဉ် (Remedial plans)[၂၆]

၅) ပြင်ပ စာရင်းစစ် ရလဒ်များ

ဥပမာအားဖြင့် တိုတယ် (Total) သည် ကုမ္ပဏီအနေဖြင့် ဖြေရှင်းနေသည့် အန္တရာယ်များ၊ အခက်အခဲ များ စာရင်းကို ထုတ်ပြန်ထားသည်။ ပုံ ၅ တွင် တိုတယ်၏ ရာသီဥတု ပြောင်းလဲခြင်းနှင့်ဆိုင်သည့် မဟာဗျူဟာကို မြင်တွေ့နိုင်သည်။

၂၆ ဥပမာ - Statoil's *2016 Annual Report* (2016), Section 2.11 on Saety, Security and Sustainability, 74–77.




ပုံ ၅။ တိုတယ်၏ ရာသီဥတုနှင့် ဆက်စပ်ပေါ်ပေါက်လာသည့် ဆုံးရှုံးမှုများ လျော့ချခြင်း မဟာဗျူဟာကို ၎င်း၏ အင်တာနက် စာမျက်နှာတွင် တင်ထားသည်ကို တွေ့ရမည်။

ကိုးကား – "Climat," Total, accessed 6 December 2017, http://www.sustainable-performance.total.com/en/node/133.

## အမျိုးအစား ၃။ လုပ်ငန်းတာဝန်များ (ROLE)

ရေနံ၊ ဓာတ်ငွေ့၊ တွင်းထွက်တူးဖော်သည့် နိုင်ငံပိုင် လုပ်ငန်းများတွင် လုပ်ငန်းတာဝန် အမျိုးမျိုး ရှိကြသည်။ တူးဖော်ရေးနှင့် မဆိုင်သည့် ကိစ္စများတွင်လည်း တာဝန်ယူကြရသည်။ စတိတ်ဟိုဒါများအနေဖြင့် စွမ်းဆောင်ရည် ကွာဟနေသည့်အပိုင်း သို့မဟုတ် စွမ်းဆောင်ရည် ညံ့ဖျင်းသည့် အပိုင်းများကို ဖော်ထုတ်နိုင်ရန်အတွက် နိုင်ငံပိုင် လုပ်ငန်းများ၏ လှုပ်ရှားမှုများ နှင့် လုပ်ငန်းဆောင်ရွက်ချက်များကို သိရှိရန် အထူးသဖြင့် အရေးကြီးသည်။ နိုင်ငံပိုင်လုပ်ငန်းများ ထုတ်ပြန်မှုတွင် စီးပွားဖြစ်လုပ်ငန်း နှင့် စီးပွားရေးနှင့် မဆိုင်သည့် လုပ်ငန်းများကို ခွဲခြား ဖော်ပြခြင်းအားဖြင့် ကိုယ်ကျိုးရှာမှုများ ဖော်ထုတ်ရာတွင် လွယ်ကူစေမည် ဖြစ်သည်။

### ၁) ဝင်ငွေရှာဖွေရေး လုပ်ငန်းဆောင်ရွက်မှုများ (Commercial activities)

သယံဇာတ တူးဖော်မှုကဏ္ဍဟု ဆိုရာတွင် ရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ သယ်ပို့ခြင်း၊ ရောင်းချခြင်း၊ ကုန်ချောထုတ်ခြင်းနှင့် အခြားအခြားသော လုပ်ငန်းအမျိုးအစား အမျိုးမျိုး ပါဝင်သည်ဖြစ်ရာ နိုင်ငံပိုင် လုပ်ငန်းများ၏ ဝင်ငွေရှာဖွေသည့် လုပ်ငန်းများအကြောင်းကို ဖော်ပြရန်နှင့် ရှင်းပြရန်လိုသည်။ ကုမ္ပဏီ၏ လုပ်ငန်းများကို နည်းလမ်းအမျိုးမျိုးဖြင့် ခွဲခြားထားသည်။ လုပ်ငန်းသဘောအရ ခွဲခြားခြင်း (high level segmentation) (ရှာဖွေတူးဖော်ခြင်း (upstream)၊ သယ်ပို့ခြင်း (midstream) ကုန်ချောထုတ်လုပ်ခြင်း (downstream) ဟု ခွဲခြားထားသည်။ လုပ်ငန်းအလိုက် ခွဲခြားခြင်း value chain segmentation (ရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ သယ်ပို့ခြင်း အစရှိသဖြင့်) သို့မဟုတ် ပထဝီအနေအထားအရ ခွဲခြားခြင်း (geographical segmentation) (လုပ်ငန်းတစ်ခုခြင်း တည်နေရာအလိုက်) ယေဘုယျအားဖြင့် နိုင်ငံပိုင် လုပ်ငန်းများသည် ၎င်းတို့၏ ဝင်ငွေရှာဖွေရေး တာဝန်ကို၊ အဓိကလုပ်ငန်းများ၊ အခက်အခဲများ၊ သတ်မှတ်ထားသည့် အချိန်အတိုင်းအတာအတွင်း မျှော်လင့်ထားသည့် တိုးတက်မှုများနှင့်တကွ ဖော်ပြလေ့ရှိသည်။ နိုင်ငံပိုင် လုပ်ငန်းများ၏ လုပ်ငန်းအမျိုးအစား တစ်ခုခြင်းစီတိုင်းတွင်

အဓိက လုပ်ငန်းဆောင်ရွက်မှု အညွှန်းများကို ဖော်ပြထားလေ့ရှိသည်။[၂၇] ဆက်စပ်နေသည့် ဝင်ငွေရှာဖွေရေး လုပ်ငန်းဆောင်ရွက်ချက်များတွင် –

၁) စမ်းသပ်ရှာဖွေခြင်း (Exploration)

၂) တွေ့ရှိမှုများကို တူးဖော်ခြင်း (Development of reserves)

၃) ထုတ်လုပ်ခြင်း (Production)

၄) သယ်ပို့ခြင်း နှင့် သိုလှောင်မှု (Transportation and storage)


၅) ကုန်ကြမ်းရောင်းချခြင်း

၆) သန့်စင်ခြင်း နှင့် ကုန်ချောထုတ်ခြင်း

၇) ကုန်ချောများ ဈေးကွက်တင်ခြင်း၊ ရောင်းချခြင်း

၈) အခြားဆက်စပ်သည့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းများနှင့် တာဝန်များ

မလေးရှား နိုင်ငံပိုင်လုပ်ငန်း Petronas သည် ၎င်း၏ တူးဖော်ခြင်း၊ ကုန်ချောထုတ်လုပ်ခြင်း လုပ်ငန်းစဉ်များကို ပုံများနှင့်တကွ ရှင်းပြထားသည်။




ပုံ ၆။ Petronas ၏ စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများကို ၂၀၁၆ နှစ်ပတ်လည် အစီရင်ခံစာတွင် ဖွင့်ပြထားမှု

ကိုးကား – Petronas, 2016 Annual Report, http://www.petronas.com.my/investor- relations/Documents/annual-report/PETRONASAnnualReport2016.pdf.

---

၂၇ အကြောင်းအရာ အမျိုးအစား ၄၊ အပိုင်း ၁ (ဂ) ကို ဥပမာအဖြစ် ကြည့်နိုင်ပါသည်။

## ၂) အခြားလုပ်ငန်း ဆောင်ရွက်ချက်များ (Non-commercial activities)

စတိတ်ဟိုဒါများအနေဖြင့် နိုင်ငံပိုင်လုပ်ငန်း၏ စွမ်းဆောင်ရည်ကို စောင့်ကြည့်ရန်၊ နိုင်ငံပိုင် လုပ်ငန်းအနေဖြင့် ၎င်း၏ တာဝန်ခံမှုကို မြှင့်တင်နိုင်ရန်အတွက် စီးပွားရေးနှင့်မဆိုင်သည့် တာဝန်များအကြောင်းကို ရှင်းလင်းစွာ ဖော်ပြထားရန် လိုသည်။ နိုင်ငံပိုင် လုပ်ငန်းများကို တာဝန်ပေးထားသည့် ဘတ်ဂျက်ပြင်ပလုပ်ငန်း၊ အစိုးရ လုပ်ငန်းများအကြောင်း အသေးစိတ် ပြုစုထားသည့် စာရင်းကို ထုတ်ပြန်မှု ပြုလုပ်ရာတွင် ထည့်သွင်းသင့်သည်။

၁) တူးဖော်ရေးကဏ္ဍအတွင်း စည်းကမ်းထိန်းသိမ်းမှု လုပ်ငန်းဆောင်ရွက်မှုများ

- လိုင်စင်ထုတ်ပေးခြင်း (EITI သတ်မှတ်ချက် ၂.၂) တွင် လိုင်စင်ချထားပေးခြင်းနှင့် ဆိုင်ပြီး ထုတ်ပြန်ရန် သတ်မှတ်ထားသည်။
- အစိုးရကိုယ်စား စာချုပ်ညှိနှိုင်းခြင်း၊ လက်မှတ်ရေးထိုးခြင်း
- လုပ်ငန်းစည်းကမ်းများ ချမှတ်ခြင်း
- ပုဂ္ဂလိက ကုမ္ပဏီများ၏ လုပ်ငန်းအစီအစဉ်များကို အတည်ပြုပေးခြင်း သို့မဟုတ် စောင့်ကြည့်ခြင်း၊ သတ်မှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်းများ၊ သဘောတူ စာချုပ်များအတိုင်း လိုက်နာမှု ရှိမရှိ စောင့်ကြည့်ခြင်း သို့မဟုတ် လုပ်ငန်းသတ်မှတ်ချက်၊ သဘာဝ ဝန်းကျင် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန် ကြပ်မတ်ခြင်း ကဲ့သို့သော လုပ်ငန်းပိုင်း ကြီးကြပ်မှုများ
- စက်သုံးဆီ သို့မဟုတ် အခြားသော ကုန်စည်များ စိုက်ထုတ်ပေးခြင်းကို စီမံခြင်း

၂) သယံဇာတ တူးဖော်မှုအပြင် ဆောင်ရွက်နေသည့် အခြားလုပ်ငန်းများ

- အများပြည်သူဆိုင်ရာ အခြေခံအဆောက်အအုံ ဆောက်လုပ်ခြင်း သို့မဟုတ် ပြုပြင်ထိန်းသိမ်းခြင်း
- ပညာရေး သို့မဟုတ် ကျန်းမာရေးလုပ်ငန်းများ
- အခွန်ကောက်ခြင်း
- အစိုးရကိုယ်စား ငွေချေးယူခြင်း နှင့်/သို့မဟုတ် အစိုးရအကြွေး ဆပ်ခြင်း
- အစိုးရကိုယ်စား ငွေကြေး၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ ပေးခြင်း[၂၈]
- ရေနံ၊ ဓာတ်ငွေ့၊ သယံဇာတ တူးဖော်ခြင်းလုပ်ငန်းအပြင် အခြားလုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းများ

## ၃) သဘောတူညီချက်များ (Agreements)

စာချုပ်များ ဖွင့်ပြခြင်းဖြင့် အများပြည်သူ ဘဏ္ဍာ၊ သယံဇာတများ စီမံမှုတွင် ပွင့်လင်းမြင်သာမှုများ အဆင့်အတန်း မြှင့်တင်ရန် International Monetary Fund (IMF)၊ International Finance Corporation နှင့် Open Contract Partnership ကဲ့သို့သော အဖွဲ့အစည်းများက တိုက်တွန်းထားကြသည်။ EITI စံနှုန်းတွင်လည်း အကောင်အထည် ဖော်နေသည့် နိုင်ငံများအနေဖြင့် ရေနံ၊ ဓာတ်ငွေ့နှင့် တွင်းထွက်များ တူးဖော်ခြင်းနှင့်ဆိုင်သည့် စာချုပ်များ၊ လိုင်စင်များကို အများပြည်သူသို့ ဖွင့်ပြရန် တိုက်တွန်းထားသည်။ (EITI Req. 2.4).

မကြာသေးမီကာလအတွင်း ဖြစ်ထွန်းမှုများကို ကြည့်လျှင် စာချုပ်ဖွင့်ပြခြင်းသည် တစ်စတစ်စ ပို၍ ခေတ်စားလာသည်။ အဓိကအားဖြင့် အစိုးရဌာနများက လုပ်ဆောင်ကြသည်။ ၂၀၁၇ RGI တွင် ပါဝင်သည့် ၈၁ နိုင်ငံအနက် ၃၁ နိုင်ငံသည် သယံဇာတ တူးဖော်ရေး စာချုပ်အချို့ သို့မဟုတ် အားလုံးကို ဖွင့်ပြကြသည်။ (အများစုမှာ အချို့ကိုသာ ထုတ်ပြန်ကြသည်) ထုတ်ပြန်ထားသည့် စာချုပ် အများအပြားကို www.resourcecontracts.org တွင် လေ့လာနိုင်သည်။ နိုင်ငံပိုင်လုပ်ငန်းများအနေဖြင့် ၎င်းတို့ ပါဝင်သည့် လုပ်ငန်းများ၏ စာချုပ်များကို ဖွင့်ပြခြင်းသည် ပွင့်လင်းမြင်သာမှုအတွက် များစွာ အကျိုးရှိ

၂၈ Pemex (Mexico) ၏ တရားဝင် ဝက်ဘ်ဆိုက်တွင် လူမှုရေးတွင် ရင်းနှီးသုံးစွဲမှု ခေါင်းစဉ်ဖြင့် ဖော်ပြချက်ကို ဥပမာအဖြစ် လေ့လာနိုင်သည်။
http://www.pemex.com/en/responsibility/social/Paginas/default.aspx.

စေမည် ဖြစ်သည်။

စာချုပ်များဟု ဆိုရာတွင် အမျိုးအစား ၃ ခုတွင် အကျုံးဝင်နိုင်ပါသည်။ ပထမ အမျိုးအစားမှာ နိုင်ငံပိုင် လုပ်ငန်းနှင့် နိုင်ငံပိုင်လုပ်ငန်း၏ တူးဖော်ရေးကို ကြီးကြပ်သည့် အစိုးရကြားမှ ထုတ်လုပ်မှု သို့မဟုတ် စီးပွားရေးဆိုင်ရာ လုပ်ငန်းသဘောတူညီချက်၊ ဒုတိယ အမျိုးအစားမှာ အစိုးရကိုယ်စား နိုင်ငံပိုင်လုပ်ငန်း က လက်မှတ်ထိုးသည့် စာချုပ်၊ သက်ဆိုင်ရာ အစိုးရဌာနမှလည်း ယင်းစာချုပ်ကို ထုတ်ပြန်နိုင်သည်။ တတိယ အမျိုးအစားမှာ ပြည်သူ့ဘဏ္ဍာငွေပေါ်တွင် သက်ရောက်မှုရှိစေမည် ဖြစ်သောကြောင့် စတိတ် ဟိုဒါများနှင့် တိုက်ရိုက် သက်ဆိုင်နေသည့် နိုင်ငံပိုင် လုပ်ငန်းမှ လက်မှတ်ရေးထိုးလိုက်သည့် သဘော တူညီချက်များ။ (ဥပမာ – ရေနံ အရောင်းစာချုပ်များ၊ အကြီးစား ဝယ်ယူမှု စာချုပ်များ)

စာချုပ်ဖွင့်ပြမှု ပြုလုပ်ပါက နိုင်ငံပိုင် လုပ်ငန်းများအနေဖြင့် မပါမဖြစ် ဖွင့်ပြရမည့် ကိစ္စများတွင် –

၁) လုပ်ငန်းပိုင်းဆိုင်ရာ သတ်မှတ်ချက်များ (Operational terms)

၂) ပထဝီ အနေအထားဆိုင်ရာ သတ်မှတ်ချက်များ (လိုင်စင် သို့မဟုတ် လုပ်ကွက်တွင် ပါဝင်သည့် အကျယ်အဝန်း တည်နေရာ)

၃) ဘဏ္ဍာရေးဆိုင်ရာ သတ်မှတ်ချက်များ (Financial terms)


၄) အခွန်သတ်မှတ်ချက်များ (Fiscal terms)

၅) လူမှုရေးဆိုင်ရာ သတ်မှတ်ချက်ျား

၆) လူ့အခွင့်အရေးဆိုင်ရာ သတ်မှတ်ချက်များ

၇) သဘာဝ ဝန်းကျင်ဆိုင်ရာ သတ်မှတ်ချက်များ

နော်ဝေနိုင်ငံတွင် ရေနံညွှန်ကြားမှု ဦးစီးဌာနသည် Statoil နှင့်ဆိုင်သည့် အချက်အလက်များ၊ ၎င်းရရှိ ထားသည့် လိုင်စင်များအကြောင်းကို နိုင်ငံတွင်း ဝင်ရောက်လုပ်ကိုင်နေသည့် အခြား နိုင်ငံတကာကုမ္ပဏီ များ အချက်အလက် ထုတ်ပြန်သည့်နည်းတူ ထုတ်ပြန်သည်။




ပုံ ၇။ Statoil ကုမ္ပဏီမှ ရရှိထားသည့် လိုင်စင်များ အကြောင်း အသေးစိတ်ကို နော်ဝေ ရေနံညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်ထားပုံ

ကိုးကား – "Factpages," Norwegian Petroleum Directorate, accessed 6 December 2017, http://factpages.npd.no/factpages/default.aspx?culture=en&nav1=licence&nav2=PageView.

## အမျိုးအစား ၄။ လုပ်ငန်းဆောင်ရွက်ချက် နှင့် ရလဒ်များ (PERFORMANCE AND RESULTS)

နိုင်ငံပိုင်လုပ်ငန်းများ တစ်ခုချင်းစီ၏ တောက်လျှောက် အကောင်အထည် ဖော်လာသည့် အဓိကလုပ်ငန်း၊ သာမည လုပ်ငန်းများနှင့်ဆိုင်သည့် အချက်အလက်သည် စတိတ်ဟိုဒါများအတွက် အရေးအကြီးဆုံး အချက်ဖြစ်သည်။ နိုင်ငံပိုင် လုပ်ငန်း၏ အရင်းအမြစ်များ (ပြည်သူပိုင် အရင်းအမြစ်များ) စီမံမှုကို ကြပ်ကြပ်မတ်မတ် စောင့်ကြည့်ရန်၊ ခန့်မှန်းနိုင်ရန်အတွက် ရှင်းလင်းသည့် အချက်အလက်နှင့် အညွှန်းကိန်းများ လိုအပ်သည်။

### ၁) လုပ်ငန်းဆောင်ရွက်ချက် (Performance)

ယခု အမျိုးအစားသည် အမျိုးအစား ၃ တွင် ဖော်ပြခဲ့သည့် နိုင်ငံပိုင် လုပ်ငန်းများ ဆောင်ရွက်ချက် အကြောင်း အပေါ်ယံ ရှင်းပြခြင်းထက် ပိုသည့် အသေးစိတ် အချက်အလက်များ ဖြစ်သည်။ နိုင်ငံပိုင် လုပ်ငန်းအနေဖြင့် ၎င်းတာဝန်ယူထားသည့် လုပ်ငန်းတစ်ခုခြင်းစီတွင် မည်ကဲ့သို့ ဆောင်ရွက်နေသည်ကို ဖော်ပြနိုင်ရန်အတွက် လုပ်ငန်းဆောင်ရွက်ချက်နှင့်ဆိုင်သည့် အချက်အလက်ကို အသုံးပြုသည်။

အမှန်တကယ် အသုံးပြုနိုင်ရန်အတွက် လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ အချက်အလက် (Performance information) သည် ရက်စွဲပါရမည်၊ အရည်အသွေး ပြည့်ရမည် ပမာဏနှင့် ငွေကြေးကို ဖော်ပြရာတွင် လုပ်ငန်းတွင် စံအဖြစ်ထား သုံးနှုန်းသည့် အတိုင်းအတာများဖြင့် ဖော်ပြရမည်။ အချိန်မှန် ဖော်ပြရမည်။ စုစည်းဖော်ပြခြင်း၊ ခွဲခြားဖော်ပြခြင်းများကို သင့်တော်သည့် ပမာဏဖြင့် ဖော်ပြပေးရမည်။ ဥပမာ ထုတ်လုပ်မှု ပမာဏကို ထုတ်လုပ်ရာ လုပ်ကွက်အလိုက် ဖော်ပြကာ၊ နိုင်ငံပိုင် လုပ်ငန်းများ၏ ဆောင်ရွက်ချက် နှင့် မိတ်ဖက် လုပ်ငန်းများ၏ ဆောင်ရွက်ချက်များကို ခွဲခြားသတ်မှတ် ဖော်ပြပေးရမည်။[၂၉] လုပ်ငန်းဆောင်ရွက်ချက် ဖွင့်ပြမှုတွင် ပြည်တွင်း၊ ပြည်ပ လုပ်ငန်းများရှိ ဆောင်ရွက်ချက်များကို လည်း ထည့်သွင်းသင့်သည်။

ယေဘုယျအားဖြင့် လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ အချက်အလက်များ ဖော်ပြရာတွင် နည်းပညာပိုင်း ဆိုင်ရာ၊ အရေးကြီးသည့် ကိန်းဂဏန်းများနှင့် အပြောင်းအလဲများကို အကိုးအကားများ၊ အနက် ရှင်းပြသည့် မှတ်စုတို့ဖြင့် ဖော်ပြကြသည်။ ယင်းမှတ်စုများသည် နိုင်ငံပိုင် လုပ်ငန်းများ၏ ရည်မှန်းချက် ပြည့်မီစေရန် လုပ်ငန်းဆောင်ရွက်နေပုံများကို အများပြည်သူ နားလည်စေရန် ရှင်းပြပေးသည်။

### *က) ဝင်ငွေရှာဖွေရေး လုပ်ငန်းဆောင်ရွက်ချက်များ (Commercial activities)*

ဝင်ငွေရှာဖွေရေး ဆောင်ရွက်ချက်များဟု ဆိုရာတွင် နိုင်ငံပိုင်လုပ်ငန်းက ဆောင်ရွက်နေသည့် လုပ်ငန်း လည်ပတ်မှုဆိုင်ရာ လုပ်ဆောင်ချက် (operational activities) များ ပါဝင်သည်။ RGI တွင် ပါဝင် သည့် နိုင်ငံပိုင်လုပ်ငန်း တစ်ဝက်ကျော်သည် ထုတ်လုပ်မှုပိုင်း ဖွင့်ပြမှု၊ အခြားဆောင်ရွက်ချက် အညွှန်း ကိန်းများတွင် အမှတ် ၁၀၀ တွင် ၇၅ မှတ် ရရှိကြသည်။ ကုန်စည်အရောင်းပိုင်း ဖွင့်ပြမှုပိုင်းတွင်တော့ အထူးသဖြင့် အားနည်းကြသည်။[၃၀]

နိုင်ငံပိုင်လုပ်ငန်းများ၏ လုပ်ဆောင်ချက်များပေါ် မူတည်ပြီး ဖွင့်ပြမှုများ ပြုလုပ်ရာတွင် အောက်ပါအချက် အလက်များ ထည့်သွင်းသင့်ပါသည်။

၁) သယံဇာတသိုက်များ (Reserves) : တွေ့ရှိထားသည့် သိုက်များ (proved reserves) နှင့် ထုတ်ယူနိုင်သည့် ပမာဏ (reserves replacement ratio)

---

၂၉ ဥပမာ – Statoil သည် ပျှမ်းမျှ နေ့စဉ်ထုတ်လုပ်မှု၊ ၎င်းပါဝင်သည့် လုပ်ကွက်တစ်ခုခြင်းစီတွင် Statoil ၏ ရှယ်ယာပါဝင်မှု ရာခိုင်နှုန်းကို ဖော်ပြထားသည်။ Statoil, 2016 Annual Report (2016), 22–23, 28 ကိုကြည့်ပါ။

၃၀ RGI အညွှန်းတွင် ရမှတ်အကောင်းဆုံး ရရှိသည့် နော်ဝေနှင့် ချီလီသည် နိုင်ငံပိုင် လုပ်ငန်းများ၏ စီမံမှုရမှတ် စုစုပေါင်းတွင် ရလဒ်ကောင်းများ ရရှိသော်လည်း ကုန်စည်ရောင်းချရမှု ဖွင့်ပြမှုပိုင်း ရမှတ်မှာ ၁၀၀ တွင် ၂၅ မှတ်သာ ရရှိသည်။

၂) တူးဖော်ခြင်း သို့မဟုတ် ရင်းနှီးမြှုပ်နှံခြင်း (Development or investments)

၃) တူးဖော်ရေး လုပ်ငန်းဆောင်ရွက်ချက်များ နှင့် ရလဒ်များ (EITI Req. 3.1)

၄) ထုတ်လုပ်မှု ပမာဏ၊ ကုန်စည် အမျိုးအစားအလိုက် တန်ဖိုး (နိုင်ငံပိုင်လုပ်ငန်းသို့ ပေးသွင်းသည့် တန်ဖိုး)[၃၁] ၊ ပြည်နယ် သို့မဟုတ် ဒေသအလိုက် (EITI Req. 3.2) သို့မဟုတ် လုပ်ကွက်အလိုက်

၅) ကုန်ကြမ်း သို့မဟုတ် မသန့်စင်ရသေးသည့် သယံဇာတများ (တန်ဖိုး၊ ဈေးနှုန်း၊ ရငွေ) ဈေးကွက် တင်ခြင်း နှင့် ရောင်းချခြင်း[၃၂] (ပြည်တွင်း၊ ပြည်ပ) ဖြစ်နိုင်ပါက ဝယ်သူများ၏ စာရင်း၊ စီမံကိန်း သို့မဟုတ် လုပ်ကွက်အလိုက် ခွဲခြားဖော်ပြရန်။

၆) Key performance indicators (KPIs) အပါအဝင် သန့်စင်နိုင်သည့် ပမာဏနှင့် စွမ်းဆောင် ရည်၊ (ဥပမာ ပျှမ်းမျှ ရေနံစိမ်း ထွက်ရှိမှု၊ ဆုံးရှုံးမှုများ၊ မရည်ရွယ်ဘဲ ရပ်တန့်လိုက်ရသည့်ပမာဏ၊ သန့်စင်မှုစရိတ်၊ ထွက်ရှိမှု ယူနစ်အလိုက် လုပ်သားအရေအတွက်၊ စုစုပေါင်း အရေအတွက် (gross margin)

၇) သန့်စင်ရရှိမှု အချိုး (Refining availability ratio) တစ်နှစ်အတွင်း တစ်ယူနစ်မှ သန့်စင်နိုင် သည့် ရာခိုင်နှုန်းကို ပြသည့်အချိုး

၈) ပြည်တွင်းဈေးကွက်သို့ သန့်စင်ပြီးထုတ်ကုန် တင်ပို့နိုင်မှု

၉) သန့်စင်ပြီးထုတ်ကုန် ပြည်တွင်း၊ ပြည်ပ တင်ပို့မှု

၁၀) သယ်ယူပို့ဆောင်ခဲ့သည့် ပမာဏ နှင့် ထုတ်ကုန်၊ သယ်ပို့ခြင်းမှ ရရှိသည့် ဝင်ငွေ (ဥပမာ အကောက်ခွန်) အပါအဝင် သယ်ယူပို့ဆောင်ခြင်း နှင့် သိုလှောင်ခြင်းဆိုင်ရာ အချက်အလက်များ (EITI Req. 4.4)

၁၁) တည်နေရာ၊ လုပ်ငန်းစတင်သည့် နေ့စွဲ၊ အခက်အခဲ၊ ကုန်ကျစရိတ်၊ ထုတ်လုပ်မှုပမာဏ၊ ခန့်မှန်း စရိတ် နှင့် ဘတ်ဂျက်၊ စီမံကိန်း ပြီးစီးမည့် ခန့်မှန်းနေ့စွဲ အပါအဝင် စီမံကိန်း သို့မဟုတ် လုပ်ကွက် တစ်ခုခြင်းစီ၏ အခြေအနေ အရပ်ရပ်

၁၂) နိုင်ငံပိုင်လုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်ချက်ကြောင့် ရရှိခဲ့သည့် အသိအမှတ်ပြု မှတ်တမ်း သို့ မဟုတ် လုပ်ငန်းထူးချွန်ဆု

ဥပမာအားဖြင့် Codelco သည် ၎င်း၏ နှစ်ပတ်လည် အစီရင်ခံစာနှင့် ဝက်ဘ်ဆိုက်တွင် ဘဏ္ဍာရေး ဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အချက်အလက်များကို ဖော်ပြထားသည်။




ပုံ ၈။ Codelco ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည့် ဘဏ္ဍာရေးဆိုင်ရာ၊ လုပ်ငန်းဆိုင်ရာ အချက်အလက်များ

ကိုးကား – “Financial and operational data,” Codelco, accessed 6 December 2017, https://www.codelco.com/prontus_codelco/site/edic/base/port/inversiones.html.

၃၁ Pemex ၏ ၂၀၁၆ နှစ်ပတ်လည် အစီရင်ခံစာတွင် ပါဝင်သည့် ရလဒ်များ၊ စာရင်းများကို ဥပမာအဖြစ် ကြည့်နိုင်သည်။ http://www.pemex.com/en/investors/financial-information/Resultados anuales/161231_reporte_i.pdf.

၃၂ 2017 RGI တွင် လေ့လာခဲ့သည့် နိုင်ငံပိုင်လုပ်ငန်း ၇၄ ခုအနက် ကုန်စည်ရောင်းရမှု ထုတ်ပြန်ခြင်းတွင် ရမှတ်ကောင်းခဲ့သည့် နိုင်ငံပိုင်လုပ်ငန်းမှာ ယီမင်၏ ရေနံနှင့်ဓာတ်ငွေ့ ကော်ပိုရေးရှင်းတစ်ခုသာ ရှိသည်။

*ခ) အခြားလုပ်ငန်းများ (Non-commercial activities)*

နိုင်ငံပိုင် လုပ်ငန်းများ၏ ဝင်ငွေရှာဖွေခြင်း မဟုတ်သည့် လုပ်ငန်းများအကြောင်း ဖွင့်ပြမှုများ ပြုလုပ်ရာတွင် တောက်လျှောက် သုံးစွဲလာသည့် ဝင်ငွေ၊ ထွက်ငွေများအကြောင်းကို ထည့်သွင်းဖော်ပြသင့်သည်။ နိုင်ငံပိုင်လုပ်ငန်း တစ်ခုခြင်းစီ၏ လုပ်ငန်းအတိုင်းအတာပေါ် မူတည်ပြီး ဝင်ငွေရှာဖွေခြင်း မဟုတ်သည့် လုပ်ငန်းများအကြောင်း ဖွင့်ပြမှုများ ပြုလုပ်ရာတွင် အောက်ဖော်ပြပါ အကြောင်းအရာများ ပါဝင်သင့်သည်။

၁) စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်ချက် (Regulatory performance)

- ဆက်စပ် အစုအဖွဲ့များသို့ ချထားပေးသည့်/ပယ်ဖျက်လိုက်သည့် လိုင်စင်စာရင်း
- လုပ်ငန်းစည်းကမ်း သတ်မှတ်ရာတွင် ပါဝင်မှု
- လုပ်ငန်းကဏ္ဍ စောင့်ကြည့်မှု (ဥပမာ စာချုပ်ပိုင်း သို့မဟုတ် စည်းကမ်းပိုင်းဆိုင်ရာ ဖောက်ဖျက်မှု အရေအတွက် သို့မဟုတ် စုံစမ်းစစ်ဆေးမှု အစီရင်ခံစာ

၂) သယံဇာတ တူးဖော်ခြင်း လုပ်ငန်းပြင်ပ ဆောင်ရွက်ချက်

- ကုန်ပစ္စည်း စိုက်ထုတ်ပေးခြင်း[၃၃]
- အများပြည်သူသုံး အဆောက်အအုံများ ဆောက်လုပ်ခြင်း သို့မဟုတ် ပြုပြင်ထိန်းသိမ်းခြင်း (မဟာဗျူဟာ၊ ခန့်မှန်းစရိတ်၊ ဘတ်ဂျတ် စသည့် အချက်များကိုလည်း ဖော်ပြရမည်)
- ပညာရေး သို့မဟုတ် ကျန်းမာရေးလုပ်ငန်း
- လူမှုရေး အကျိုးပြုလုပ်ငန်းများ (Corporate social responsibility programs)
- အခွန်ကောက်ခြင်း
- အစိုးရကိုယ်စား ငွေချေးယူခြင်း နှင့်/သို့မဟုတ် အကြွေးဆပ်ခြင်း
- အစိုးရကိုယ်စား ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၊ ငွေကြေး ဖြန့်ဝေခြင်း
- သယံဇာတ တူးဖော်မှုကဏ္ဍ ပြင်ပမှ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ချက်များ

*ဂ) ပင်မလုပ်ငန်း ဆောင်ရွက်ချက် အညွှန်းကိန်း Key performance indicators (KPIs)*

KPIs များသည် သတ်မှတ်ထားသည့် ကာလတစ်ခုအတွင်း လုပ်ငန်းတစ်ခုအနေဖြင့် ၎င်းရည်မှန်းထားသည့် ရည်မှန်းချက် ရောက်မရောက်ကို တိတိကျကျ ခန့်မှန်းရာတွင် လွယ်ကူစေသည်။ ကုမ္ပဏီတစ်ခု၏ လုပ်ငန်းဆောင်ရွက်ချက်ကို တိုင်းတာနိုင်ရန် အညွှန်းကိန်းများ ဖော်ထုတ်ပေးသည်။

အသုံးများသည့် KPIs များတွင် –

၁) စိုက်ထုတ်လိုက်သည့် ငွေရင်းမှ ပျမ်းမျှ ရရှိသည့် အမြတ်ငွေ (Return on average capital employed (ROACE)

၂) ပိုင်ဆိုင်မှုများမှ အမြတ်ရရှိနှုန်း (Rate of return on assets)

၃) ရှယ်ယာရှင်များ၏ ရှယ်ယာမှ ရရှိသည့် အမြတ်ငွေ

၄) လက်ခံရရှိသည့် အမြတ် အချိုးအစား (Receivable turnover ratio)

၅) အတိုး၊ အခွန်၊ ရုပ်ပစ္စည်း တန်ဖိုးလျော့ကျမှု နှင့် အကောင်အထည် မရှိသည့် ကိစ္စများအတွက် ကုန်ကျစရိတ်များ နုတ်ယူခြင်း မပြုမီ ဝင်ငွေ (Earnings before interest, taxes, depreciation, and amortization (EBITDA)

၃၃ မက္ကဆီကိုနိုင်ငံ Pemex ၏ ဝက်ဘ်ဆိုက် “Social Investment” ခေါင်းစဉ်အောက်တွင် စာရင်းများကို ဖော်ပြထားသည်။ http://www.pemex.com/en/responsibility/social/basic_infrastructure/Paginas/statistical_information.aspx.

၆) ရင်းနှီးမြှုပ်နှံမှုမှ ရရှိသည့် အမြတ်အစွန်း

၇) အကြွေး/ပိုင်ဆိုင်မှု အချိုးအစား

၈) အမြတ်အစွန်း ရရှိမှု အချိုးအစား

## ၂) ဘဏ္ဍာရေးဆိုင်ရာ ရလဒ်များ (Financial results)

သယံဇာတ တူးဖော်ရေးလုပ်ငန်း ဆောင်ရွက်သည့် နိုင်ငံပိုင်လုပ်ငန်း အများအပြားသည် စာရင်းစစ်ဝင်ပြီး ဘဏ္ဍာရေးရှင်းတမ်းများ အပါအဝင် နှစ်ပတ်လည် အစီရင်ခံစာများကို ထုတ်ပြန်လာကြသည်။ ယင်းသို့ ထုတ်ပြန်မှုသည် ပွင့်လင်းမြင်သာမှု အဆင့်အတန်း မြှင့်တင်ရန်၊ လုပ်ငန်းဘဏ္ဍာရေး အခြေအနေ ကောင်းမွန်လာစေရန် မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းများ ဖြစ်သည်။ ကာလတို မပြည့်မစုံ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များကို ထုတ်ပြန်ခြင်းမှ စာရင်းစစ်ဝင်ထားပြီး ဘဏ္ဍာရေးရှင်းတမ်းများ ထုတ်ပြန်သည့် အနေအထားသို့ ပြောင်းလဲရန်အတွက် သယံဇာတ တူးဖော်ရေးကဏ္ဍမှ နိုင်ငံပိုင် လုပ်ငန်းများသည် နှစ်ပေါင်းများစွာ အချိန်ယူခဲ့ရသည်။ အများစုမှာ ဘဏ္ဍာရေးဆိုင်ရာ ဖွင့်ပြမှုများကို အားကောင်းလာစေရန်၊ အစပြုရန် တည်ဆောက်နေဆဲ ဖြစ်သည်။ RGI အရဆိုလျှင် လေ့လာမှုတွင် ပါဝင်သည့် နိုင်ငံပိုင်လုပ်ငန်း အများစုမှာ ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံမှုတွင် ရလဒ်ကောင်းများ တွေ့ရှိရသည်။ ဘဏ္ဍာရေးဆိုင်ရာ ရလဒ်များသည် ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံမှု စံနှုန်းများနှင့် ကိုက်ညီရမည် ဖြစ်သည်။ အောက်တွင် ဖော်ပြထားသည့် ခေါင်းစဉ်ခွဲများကို စုစည်း၍သော်လည်းကောင်း ခွဲခြား၍သော် လည်းကောင်း ထည့်သွင်းဖော်ပြရန် လိုသည်။ (ဥပမာ လုပ်ငန်းခွဲ တစ်ခုခြင်းစီအတွက်) –

၁) သတ်မှတ်ကာလ တစ်ခုအတွင်း ကုမ္ပဏီအနေဖြင့် ရင်ဆိုင်ရနိုင်သည့် ဘဏ္ဍာရေးဆိုင်ရာ အခက်အခဲ၊ ဝင်ငွေလမ်းကြောင်း အသေးစိတ် ဖော်ပြချက်

၂) အခွန်ဝင်ငွေ၊ လုပ်ငန်းဝင်ငွေ (operating income)၊ လုပ်ငန်းကုန်ကျစရိတ် (operating expenses (OpEx)၊ ငွေလုံးငွေရင်း အသုံးစရိတ် (capital expenditures (CapEx)၊ အသားတင် ဝင်ငွေ၊ အသားတင် အကြွေး၊ စုစုပေါင်း အကြွေး (net and gross debt) စုစုပေါင်း ပိုင်ဆိုင်မှု (total assets) ငွေရင်းနှီးသုံးစွဲမှု၏ အသားတင် အကြွေး (net debt to capital employed) အစရှိသော အချက်အလက်များ အပါအဝင် ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ

၃) သက်ဆိုင်ရာ အစုအဖွဲ့များကြား လွှဲပြောင်းမှုများ (Related party transactions)[၃၄]

၄) အရေးပါသည့် ရလဒ်များ နှင့် အလားအလာများကို အဓိကထားလျက် စီမံအဖွဲ့မှ ထုတ်ပြန်သည့် ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်း

၅) ဘဏ္ဍာရေးရှင်းတမ်းများ (စာရင်းစစ်ထားပြီး ရလဒ်များ ဆိုပါက ပို၍ သင့်တော်ပါသည်။)

- ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများအကြောင်း အသေးစိတ် ဖော်ပြထားသည့် စာရင်းရှင်းတမ်း (ရှယ်ယာ အချိုးအစားနှင့်တကွ)၊ ပေးရန်တာဝန်များ (liabilities) နှင့် ရှယ်ယာတန်ဖိုး (equity) (ရှယ်ယာတန်ဖိုး အပြောင်းအလဲ အပါအဝင်)၊ လုပ်ငန်းခွဲများက စီမံနေသည့် ကိစ္စများကိုပါ ထည့်သွင်း ထုတ်ပြန်ရန်။
- ကုမ္ပဏီ၏ ရရှိငွေ (revenue)၊ အသုံးစရိတ်၊ ဝင်ငွေများအကြောင်းကို ဖော်ပြထားသည့် ဝင်ငွေ ရှင်းတမ်း (အရှုံးအမြတ် ရှင်းတမ်း)
- ကုမ္ပဏီနှင့် အစိုးရကြား၊ ငွေသားရွေ့ပြောင်းမှုကို ဖော်ပြထားသည့် ငွေသားစီးဆင်းမှု ရှင်းတမ်း၊ လုပ်ငန်းခွဲများ နှင့် အခြား စီးဆင်းမှုများ (ဥပမာ အပိုဆုကြေး၊ အမြတ်ငွေ (dividends) အခကြေးငွေ (fees)၊ တွင်းဝခွန်များ၊ အခွန်များ၊ ချေးငွေများ အစရှိသဖြင့် . . .)
- ဘဏ္ဍာရေးရှင်းတမ်းများကို အထောက်အပံ့ ဖြစ်စေရန်အတွက် စာရင်းတွက်ချက်ပုံ နည်းစနစ် (accounting methodology)၊ တန်ဖိုးဖြတ်ခြင်း၊ ခန့်မှန်းခြင်း၊ စောင့်ကြည့်ခြင်း လုပ်ငန်းစဉ်နှင့် အဓိက အကြောင်းအရာများကို ပြည့်ပြည့်စုံစုံ နားလည်စေရန်အတွက် မှတ်စုများဖြင့် ဖြည့်စွက် ထုတ်ပြန်ရန်

---


၃၄ ဥပမာအနေဖြင့် အန္တိယ ဥပဒေနှင့်အညီ ဖွင့်ပြခဲ့သည့် အန္တိယနိုင်ငံပိုင်လုပ်ငန်း ONGC (India) ၏ ၂၀၁၅ နှစ်ပတ်လည် အစီရင်ခံစာ။ International Accounting Standard 24 အရလည်း ဆက်စပ် အစုအဖွဲ့များကြား လွှဲပြောင်းမှုများကို ထုတ်ပြန်ရန် လိုအပ်သည်။

- စာရင်းစစ် အစီရင်ခံစာ

၆) ကျင့်သုံးခဲ့သည့် စာရင်းစစ် စံနှုန်းများ

၇) ကြွေးမြီ ပြန်လည်ပေးဆပ်နိုင်မှု သတ်မှတ်ချက် (credit ratings)

ဥပမာအားဖြင့် အင်ဒိုနီးရှား နိုင်ငံပိုင်လုပ်ငန်း Pertamina သည် ၎င်း၏ စာရင်းစစ်ထားပြီး ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းကို ၎င်းတို့ ဝက်ဘ်ဆိုက်တွင် ဘဟာဆာဘာသာ၊ အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြထားသည်။




ပုံ ၉။ Pertamina ၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည့် ဘဏ္ဍာရေး ရှင်းတမ်း (Financial statements)

ကိုးကား – “Financial statements,” Pertamina, accessed 6 December 2017, http://www.pertamina.com/en/investor-relations/report-presentation/financial-statement.

## အမျိုးအစား ၅။ အစိုးရ သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသို့ လွှဲပြောင်းပေးမှုများ

နိုင်ငံပိုင် လုပ်ငန်းများအား အများပြည်သူဆိုင်ရာ ဘဏ္ဍာများကို စီမံရန် တာဝန်ပေးထားသဖြင့် အစိုးရအတွက် အမြတ်များ ရှာဖွေနိုင်ရန် ၎င်းတို့ လုပ်ငန်းဆောင်ရွက်ချက်များကို ဖိဖိစီးစီး စစ်ဆေးရန် လိုသည်။ နိုင်ငံပိုင် လုပ်ငန်းများနှင့် အစိုးရ ဌာနများကြား ဘဏ္ဍာရေး လွှဲပြောင်းမှုများ ဖွင့်ပြရန် EITI သတ်မှတ်ချက် ၄ တွင် ဖော်ပြထားသည်။ အခြားသော အမျိုးအစားများ ဖော်ပြရာတွင် ယင်းကိစ္စ တစ်စိတ်တစ်ပိုင်း ပါဝင်နိုင်ပါသည်။ (ဥပမာ အမျိုးအစား ၄ အောက်တွင် လုပ်ငန်းဆောင်ရွက်ချက် နှင့် ဘဏ္ဍာရေးဆိုင်ရာ ရလဒ်များအကြောင်း) နိုင်ငံပိုင်လုပ်ငန်းများ တာဝန်ခံမှု၏ အရင်းအမြစ် ဖြစ်သောကြောင့် မည်သည့် အမျိုးအစားအောက်တွင် ဖွင့်ပြသည်မဆို ယင်းလွှဲပြောင်းမှုများအကြောင်း ရှင်းလင်းစွာနှင့် မှန်မှန်ကန်ကန် ဖွင့်ပြရန် လိုအပ်သည်။

ဆက်စပ်နေသည့် အချက်အလက်များဟု ဆိုရာတွင် –

၁) နိုင်ငံပိုင် လုပ်ငန်းများ၏ လွှဲပြောင်းမှုများ၊ ဘဏ္ဍာငွေ ထိန်းသိမ်းထားမှုကို ထိန်းချုပ်သည့် မူဝါဒများ နှင့် လုပ်ထုံးလုပ်နည်းများကို အခွန်နှုန်းထားများ၊ အခြား တွက်ချက်မှု နည်းများ (other numerical formulas) နှင့်တကွ ဖော်ပြရန်

၂) ရောင်းချပြီးစီးသည့် ပမာဏ၊ လက်ခံရရှိသည့် ပမာဏ အပါအဝင် အစိုးရဝေစု ရောင်းချ ရရှိမှု (EITI Req. 4.2)[၃၅]

၃) အခွန်၊ တွင်းဝခွန်များ၊ အမြတ်များ၊ အပိုဆုကြေးများ၊ အခကြေးငွေများ အပါအဝင် ဘဏ္ဍာသိုက်သို့ လွှဲပြောင်းပေးမှုများ (EITI Req. 4.1)[၃၆]

၄) အခြားသော အစိုးရ စာရင်းများသို့ လွှဲပြောင်းပေးမှုများ

၅) ပြည်နယ်အစိုးရများသို့ လွှဲပြောင်းပေးမှုများ (EITI Req. 4.6)

၆) ထိန်းသိမ်းထားသည့် ပမာဏ

၇) အစိုးရကိုယ်စား ကောက်ယူသည့် အခွန် (သို့မဟုတ် အခြားပေးသွင်းမှုများ) တန်ဖိုး

၈) အစိုးရကိုယ်စား သုံးစွဲခဲ့သည့် ဘတ်ဂျက်ပြင်ပ အသုံးစရိတ်များ (EITI Req. 6.2)

၉) ဘဏ္ဍာသိုက် သို့မဟုတ် အစိုးရ စာရင်းများမှ နိုင်ငံပိုင်လုပ်ငန်းသို့ လွှဲပြောင်းပေးမှုများ သို့မဟုတ် ပံ့ပိုးပေးမှုများ (ဥပမာ ထောက်ပံ့ငွေ သို့မဟုတ် စိုက်ထုတ်ပေးခြင်း (subsidies)

> ဘတ်ဂျက်ပြင်ပ အသုံးစရိတ်များ quasi-fiscal expenditures ဆိုသည်မှာ လူမှုရေး လုပ်ငန်းများ၊ အများပြည်သူသုံး အဆောက်အဦးများ၊ စက်သုံးဆီ စိုက်ထုတ်ပေးမှုများ၊ နိုင်ငံ အကြွေးဆပ်ခြင်း ကဲ့သို့သော ကိစ္စများတွင် နိုင်ငံပိုင် လုပ်ငန်းများက ကြားဝင်စိုက်ထုတ် သုံးစွဲထားသည့် စရိတ်များ ဖြစ်သည်။ ယင်းစရိတ်များသည် အမျိုးသား အသုံးစရိတ်တွင် ပါဝင်ခြင်း မရှိပါ။ (EITI Req. 6.2)

---

၃၅ ကွဲပြားသည့် ရောင်းချမှုပုံစံအလိုက် အစိုးရသို့ လွှဲပြောင်းပေးမှု ပုံစံ သတ်မှတ်ချက်များလည်း ကွဲပြားသွားသည်။ ကွဲပြားသည့် ရောင်းချမှုပုံစံ၊ လွှဲပြောင်းပေးသည့် ပုံစံများကို ရှင်းလင်းစွာ ဖော်ပြသင့်သည်။ (ဥပမာ နိုင်ငံတော်အမြတ်အဖြစ် ရရှိသည့် ရေနံနှင့် နိုင်ငံပိုင်လုပ်ငန်း ဝေစုအဖြစ် ရရှိသည့်ရေနံ) ရောင်းချရမှုများကို စနစ်တကျ ခွဲခြား၍ အစီရင်ခံခြင်းသည် အကောင်းဆုံးဖြစ်သည်။

၃၆ ဥပမာ နော်ဝေ၏ နိုင်ငံပိုင်လုပ်ငန်း Statoil သည် အစိုးရသို့ ပေးသွင်းမှုကို သတ်မှတ်ချက်နှင့်အညီ ၂၀၁၆ နှစ်ပတ်လည် အစီရင်ခံစာတွင် ဖော်ပြထားသည်။ https://www.statoil.com/content/dam/statoil/documents/annual-reports/2016/statoil-2016-annual- report.pdf.

## အမျိုးအစား ၆။ သက်ရောက်မှုများ (IMPACT)

စတိတ်ဟိုဒါများနှင့် အရပ်ဘက် လူ့အဖွဲ့အစည်း အစုအဖွဲ့များက မကြာသေးမီ နှစ်များအတွင်း ဘဏ္ဍာရေးနှင့် မဆိုင်သည့် အချက်အလက်များပေါ်တွင် စိတ်ဝင်စားမှုများ တိုးတက်လာသည်။ အထူးသဖြင့် သယံဇာတ တူးဖော်ရေး လုပ်ငန်းများသည် လူမှုဝန်းကျင်၊ သဘာဝ ဝန်းကျင်ကို ထိခိုက်စေသည်ဖြစ်သောကြောင့် ယင်းလုပ်ငန်းများကို အလေးထား ဆန်းစစ်ကြသည်။ ယင်းကိစ္စများကို နှစ်ပတ်လည် အစီရင်ခံစာများတွင် ထည့်သွင်းသည့် သို့မဟုတ် သီးသန့် ထုတ်ပြန်သည့်[၃၇] နိုင်ငံပိုင်လုပ်ငန်းများ အရေအတွက်မှာ မြင့်တက်လာသည်။ နိုင်ငံပိုင် လုပ်ငန်းများအနေဖြင့် ၎င်းတို့ လုပ်ငန်းဆောင်ရွက်မှုများသည် အများပြည်သူ ကောင်းစားရေးကို ဦးတည်၍ ဆောင်ရွက်ကြောင်းကို သက်သေပြနိုင်ရန်၊ ၎င်းတို့၏ အလေးထားမှုများ (အပြောအရရော၊ ကိန်းဂဏန်းများအရပါ) ကို အများပြည်သူ သိရှိစေရန်၊ ပြည်သူများ၏ စိုးရိမ်မှုများကို ဖြေရှင်းနိုင်ရန်အတွက် ၎င်းတို့အနေဖြင့် အပြည့်အစုံ ဖွင့်ပြရန် လိုသည်။ မပါမဖြစ် ဖွင့်ပြရမည့် ကိစ္စများမှာ –

၁) လူမှုဘဝအပေါ် သက်ရောက်မှု (သင်တန်း၊ နေရာရွှေ့ပြောင်းခြင်း၊ အခြေခံ အဆောက်အဦး၊ ရင်းနှီးမြှုပ်နှံမှု) ဆန်းစစ်မှုနှင့် ဘေးအန္တရာယ် လျော့ချမှု အစီအစဉ်

၂) သဘာဝ ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း နှင့် လျော့ချရေး အစီအစဉ်များ

၃) ဝန်ထမ်းခန့်ထားခြင်း နှင့် အလားအလာများ (Employment and trends)

၄) ကျန်းမာရေး နှင့် ဘေးအန္တရာယ် ကင်းရှင်းရေး အစီရင်ခံစာများ (မတော်တဆ ဖြစ်ရပ်များ၊ ဘေးအန္တရာယ် လျော့ချရေးလုပ်ငန်း၊ ပြန်လည်ပြုပြင်ရေး မူဝါဒများ)

၅) လူမှုအကျိုးပြုလုပ်ငန်း မူဝါဒ နှင့် အစီအစဉ်များ

၆) နစ်နာရသည့် ရပ်ရွာများအတွက် ပြင်ဆင်ထားသည့် နစ်နာမှုတိုင်ကြားရေး လုပ်ငန်းစဉ်များ

၇) ဒေသအကျိုးပြု လုပ်ငန်း (ဒေသမှ ကုန်စည်နှင့် ပစ္စည်းဝယ်ယူမှု၊ ပညာရေး ဆောင်ရွက်ချက်၊ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း အစရှိသဖြင့်)

> ဒေသအကျိုးပြု လုပ်ငန်း Local content ဆိုသည်မှာ သယံဇာတ တူးဖော်ရေး လုပ်ငန်းမှ ဒေသ၊ ဒေသတွင်း သို့မဟုတ် နိုင်ငံတစ်ခုလုံး၏ စီးပွားရေးသို့ သဘာဝ သယံဇာတ လုပ်ငန်းမှ ရရှိသည့် ငွေကြေးအပြင် အခြားငွေကြေးရင်းနှီးများ ရောက်ရှိလာစေခြင်းကို ဆိုလိုပါသည်။[၃၈]

၃၇ ဥပမာ Ecopetrol, 2015 Sustainability Report, http://www.ecopetrol.com.co/english/Ecopetrol-Sustainability-Report-2016.pdf.

၃၈ Natural Resource Governance Institute, *Local Content: Strengthening the Local Economy and Workforce* (2015).

# ၂။ သတင်းအချက်အလက်များ ဖွင့်ပြထုတ်ပြန်မှု ပုံစံ

ဆက်စပ်နေသည့် အချက်အလက်များ ကဲ့သို့ပင် လက်လှမ်းမီ ရယူနိုင်ခြင်း (accessibility)၊ မှန်ကန်ခိုင်မာမှု ရှိခြင်း (reliability)၊ ပုံမှန် ထုတ်ပြန်ခြင်း (consistency)၊ ပြည့်စုံခြင်း (completeness) နှင့် အချိန်နှင့်တပြေးတည်း (timeliness) ထုတ်ပြန်ခြင်းသည် အရေးကြီးသည်။ အချက်အလက်များ ရယူရန် ခက်ခဲခြင်း၊ ရှုပ်ထွေးလွန်းခြင်း သို့မဟုတ် ခွဲထုတ်ရန် ခက်ခဲသည်အထိ စုစည်းထားခြင်းတို့ကြောင့် အချက်အလက်များသည် ရည်ရွယ်သူများထံ မရောက်ပါက တန်ဖိုးမဲ့သွားတတ်သည်။ အလားတူပင် စစ်ဆေးထားခြင်း သို့မဟုတ် အတည်မပြုထားသည့် အချက်အလက်များသည်လည်း နိုင်ငံပိုင်လုပ်ငန်း၏ တာဝန်ခံမှု မြင့်တက်လာစေရန်၊ စတိတ်ဟိုဒါများ၏ ယုံကြည်မှု တည်ဆောက်ရာတွင် အထောက်အကူပြုခြင်း မရှိပါ။ နောက်ခံ အခင်းအကျင်းများနှင့် သိုင်းဝိုင်းဖော်ပြထားခြင်း မရှိပဲ တစိတ်တပိုင်း သို့မဟုတ် အဆက်အစပ်မရှိ ဖော်ပြသည့် အချက်အလက်များသည် ထုတ်ပြန်ဖွင့်ပြမှုကို အားလျော့စေသည်။ နောက်ကျနေပြီဖြစ်သည့် အချက်အလက်များသည်လည်း နိုင်ငံပိုင် လုပ်ငန်းများ၏ အခြေအနေများကို ဆန်းစစ်ရာတွင် အနည်းငယ်သာ အထောက်အကူ ဖြစ်စေသည်။ နိုင်ငံပိုင် လုပ်ငန်းများအနေဖြင့် ထုတ်ပြန်ဖွင့်ပြရန် နည်းလမ်းများ ဖော်ထုတ်ရာတွင် ဖော်ပြခဲ့ပါ အားနည်းချက်များကို ကျော်လွှားနိုင်ရန် အဓိကကျသည့် အခြေခံ အယူအဆ ၄ မျိုးကို ဖော်ပြထားပါသည်။

နိုင်ငံပိုင် လုပ်ငန်းများ၏ ဖွင့်ပြထုတ်ပြန်မှုများအတွက် နိုင်ငံအားလုံးနှင့် အဆင်ပြေသည့် နည်းလမ်း သို့မဟုတ် အမြဲတမ်း အသုံးပြုနိုင်သည့် နည်းလမ်းဟူ၍ မရှိပါ။ ကျန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း သယံဇာတ ကြွယ်ဝသည့် နိုင်ငံများ၏ စီမံမှုပိုင်း တိုးတက်စေရန် အားထုတ်မှု၊ သဘာဝ သယံဇာတ စီမံမှုပိုင်း တိုးတက်လာစေရန် ဆောင်ရွက်ချက်များကြောင့် အရင်းအမြစ် အမျိုးမျိုးမှ (နိုင်ငံပိုင် လုပ်ငန်းများ၊ ဝန်ကြီးဌာနများ၊ စည်းကမ်းထိန်းသိမ်းမှုဆိုင်ရာ ဌာနများ၊ NGOs များ) အစီရင်ခံစာများ နှင့် စာအုပ်ထုတ်ဝေဖြန့်ချိမှုများ (ဥပမာ လအလိုက် အချက်အလက် အစီရင်ခံစာများ၊ သတင်းစာလွှာများ၊ နှစ်ပတ်လည် အစီရင်ခံစာ၊ EITI အစီရင်ခံစာ၊ ဝက်ဘ်ဆိုက်ဒ်များ) အများအပြား အလျှင်အမြန် တိုးတက်လာသည်။ နိုင်ငံပိုင် လုပ်ငန်းများအနေဖြင့် ၎င်းတို့ အမှန်တကယ် ဆောင်ရွက်နေသည့် အခြေအနေနှင့် ကင်းကွာနေသည့် အစီရင်ခံစာများ ဒလဟော ထုတ်ဝေမည့်အစား ထုတ်နှုတ်ပေါင်းစည်း၍ ဖွင့်ပြသည့် မဟာဗျူဟာ (အချက်အလက် စုစည်းခြင်းမှ ဖြန့်ဝေခြင်းအထိ)ကို ကျင့်သုံးသင့်သည်။ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် စတိတ်ဟိုဒါများ သတင်းအချက်အလက် ရရှိနိုင်ရန်၊ ပုံမှန် ထုတ်ပြန်နိုင်ရန် အထောက်အကူ ဖြစ်စေမည် ဖြစ်သည်။

အချက်အလက် ထုတ်ပြန်ရန် နည်းလမ်းများ ဖော်ထုတ်ရာတွင် မတူညီသည့် ရည်ရွယ်သူများ ရှိကြောင်းကို မမေ့ရန် လိုသည်။ အောက်တွင် ဖော်ပြမည့် ပင်မ အခြေခံမှုများကိုလည်း မပျက်ကွက်စေပဲ ဆောင်ရွက်သွားရန် လိုသည်။ ဥပမာ နှစ်ပတ်လည် အစီရင်ခံစာများသည် ရှယ်ယာရှင်များအတွက် အချက်အလက် အချို့ ပါဝင်မည်ဖြစ်သော်လည်း၊ အခြား စတိတ်ဟိုဒါများ၏ စိတ်ဝင်စားမှု မရခြင်းများ ရှိနိုင်သည်။ အချို့သော အချက်အလက်များသည် အချိန်မဆိုင်းပဲ ထုတ်ပြန်ရန် လိုအပ်သည်။ သတင်းအချက်အလက်များ အပြည့်အစုံ ထည့်သည့် အစီရင်ခံစာ ထုတ်ပြန်လျှင်လည်း စရိတ်ထောင်းလှသည်။ ထို့ကြောင့် နိုင်ငံပိုင် လုပ်ငန်းများအနေဖြင့် အခြားသော နည်းလမ်းများကို ရှာဖွေသင့်သည်။ သက်ဆိုင်ရာ အချက်အလက်များကို စနစ်တကျ ခွဲခြားကာ မကြာခဏ မွမ်းမံမှုများပြုလုပ်၊ လိုအပ်သည့် အချက်အလက်များကို စိတ်ကြိုက် ရှာဖွေနိုင်သည့် ဝက်ဘ်ဆိုက် သို့မဟုတ် portals များ ဖွင့်ခြင်း အပါအဝင် နည်းအမျိုးမျိုးဖြင့် ထုတ်ပြန်မှုများ ပြုလုပ်ရန် ဆောင်ရွက်သင့်သည်။

ထုတ်ပြန်မှုများ တိုးတက်လာစေရန် ဆောင်ရွက်ရာတွင် အောက်တွင် ဖော်ပြထားသည့် ပင်မ အခြေခံမှုများဖြင့် လုပ်ငန်းအနေအထားအလိုက်၊ စတိတ်ဟိုဒါများ လိုအပ်မှုအလိုက် ထုတ်ပြန်မှုများ ပြုလုပ်နိုင်ပါသည်။

### ၁) လက်လှမ်းမီ ရယူနိုင်ခြင်း (Accessibility)

သတ်မှတ်ချက်အရဖြစ်စေ၊ တိုက်တွန်း အကြံပေးချက်အရဖြစ်စေ ပြုလုပ်သည့် နိုင်ငံပိုင် လုပ်ငန်းများမှ ထုတ်ပြန်မှုများသည် အများပြည်သူ နားလည်နိုင်ရမည်၊ လက်တွေ့ကျကျ သိရှိ အသုံးပြုခွင့် ရနိုင်ရမည်။

### *က) စတိတ်ဟိုဒါများ အားလုံး လက်လှမ်းမီ ရယူနိုင်ခြင်း (Accessible to all stakeholders)*

လက်လှမ်းမီ ရယူနိုင်ခြင်းဟု ဆိုရာတွင် လွတ်လပ်စွာ အသုံးပြုနိုင်သည့် အချက်အလက် (open data) သို့မဟုတ် ရည်ရွယ်ချက် အမျိုးမျိုးအတွက် လွတ်လပ်စွာ ရယူနိုင်၊ အသုံးပြုနိုင်၊ ရွှေ့ပြောင်း အသုံးပြုနိုင်၊ ဝေမျှနိုင်သည့် အချက်အလက်များဟု အများအားဖြင့် လက်ခံထားကြသည်။[၃၉] သတင်း အချက်အလက်များ၏ လက်လှမ်းမှီ ရယူနိုင်မှုနှင့်ပတ်သက်ပြီး ဆန်းစစ်မှုများ ပြုလုပ်ရာတွင် ယေဘုယျ အားဖြင့် အသုံးပြုသည့် မေးခွန်းများမှာ[၄၀]

၁) အချက်အလက်များ ရယူရန် အခကြေးငွေ ပေးရန် လိုပါသလား။ အချက်အလက်များ ရယူရန် မှတ်ပုံတင်ခြင်း၊ အသုံးပြုခွင့်ပေးခြင်း၊ လိုင်စင် သို့မဟုတ် ပါမစ် လိုအပ်ခြင်း သို့မဟုတ် ဝက်ဘ် ဆိုက်တွင် အဖွဲ့ဝင်အဖြစ် မှတ်ပုံတင်ရန် လိုအပ်ပါသလား။

၂) အချက်အလက်များ အလွယ်တကူ ရရှိနိုင်ပါသလား။ ဝက်ဘ်ဆိုက်များကို (search engines) ဖြင့် ရှာနိုင်ပါသလား။

၃) အလွယ်တကူ အသုံးပြုနိုင်မှု ရှိပါသလား (ဥပမာ – searchable website ဖြင့် ရှာဖွေနိုင်ပါ သလား သို့မဟုတ် မာတိကာ၊ အကြောင်းအရာများ ရှာဖွေနိုင်အောင် ပုံစံထုတ် ပြုစုထားသည့် အစီရင်ခံစာအဖြစ် မထုတ်ပြန်ပဲ အချက်အလက်များ ခွဲခြား ရှာဖွေမရသည့် ရုပ်ပုံဖိုင်ဖြင့် ထုတ်ပြန် ထားပါသလား)

၄) အချက်အလက်များ အလွယ်တကူ ဒေါင်းလုပ် ရယူနိုင်ပါသလား။ အလွယ်တကူ ခွဲထုတ်နိုင်ရန် metadata ပါဝင်ပါသလား။

၅) ဝင်ငွေဇယားကွက်၊ လိုင်စင်များ ကဲ့သို့သော အချက်အလက်များကို ကွန်ပျူတာဖြင့် ဖတ်ရှု ပြုပြင် နိုင်ပါသလား။

၆) အင်တာနက် မရှိသည့် စတိတ်ဟိုဒါများအတွက် ထုတ်ပြန်ချက်များ ရရှိအောင် ပြင်ဆင်ထားမှု ရှိ ပါသလား။ (ဥပမာ ဒေသရုံးခွဲတွင် နှစ်ပတ်လည် အစီရင်ခံစာများ၊ ကြေညာချက်များ ထားပေးခြင်း၊ မေးခွန်းများ မေးမြန်းရန် ဖုံးလိုင်း သို့မဟုတ် ရုံးချိန်အတွင်း ဖြေကြားပေးခြင်းများ)

၇) အချက်အလက်များကို သက်ဆိုင်ရာ ဘာသာစကားဖြင့် ထုတ်ပြန်ထားပါသလား။ နိုင်ငံပိုင်လုပ်ငန်း ဝင်ရောက်လုပ်ကိုင်နေသည့် နိုင်ငံမှ ဘာသာစကား၊ လုပ်ငန်းဆောင်ရွက်နေသည့် ဒေသမှ ဘာ သာစကား၊ အင်္ဂလိပ်ဘာသာ အပါအဝင် သက်ဆိုင်သူများ နားလည်စေမည့် ဘာသာစကားဖြင့် ထုတ်ပြန်ထားပါသလား။[၄၁]

၈) ထုတ်ပြန်ထားချက်တွင် မပါဝင်သည့် အချက်အလက်များကို လိုအပ်ပါက၊ ရယူလိုပါက တောင်းယူ နိုင်သည့်နေရာ ရှိပါသလား။ နိုင်ငံပိုင် လုပ်ငန်း၏ ကိုယ်ပိုင် ဝက်ဘ်ဆိုက်တွင် ဆက်သွယ်ရန် လိပ်စာအဖြစ် အီးမေးလ်လိပ်စာ ရေးပေးထားခြင်းဖြင့် ဖြေရှင်းနိုင်ပါသည်။ သိရှိလိုသည့် ကိစ္စ အလိုက်၊ သို့မဟုတ် အဖွဲ့အစည်း အမျိုးအစားအလိုက် (ရှယ်ယာရှင်၊ အရပ်ဘက် လူ့အဖွဲ့အစည်း၊ ဝယ်ယူသူ) စာရင်းပြုစု တုန့်ပြန်ခြင်းဖြင့် ဖြေရှင်းနိုင်ပါသည်။

၉) စတိတ်ဟိုဒါ အချို့ကို (ဥပမာ နစ်နာရသည့် ရပ်ရွာများ) သတင်းထုတ်ပြန်ပေးရမည်ဟု သတ်မှတ် ချက် ရှိပါက ရည်ရွယ်ထားသူများထံ အချက်အလက်များ မပျက်မကွက် ရောက်ရှိရန် လိုအပ်သည့် ဆောင်ရွက်ချက်များ ဆောင်ရွက်ပြီးစီးမှု ရှိပြီလား။

### *ခ) အလွယ်တကူ နားလည်နိုင်မှု ရှိရမည် (Understandable)*

နိုင်ငံပိုင်လုပ်ငန်းနှင့် ဆက်စပ်သူများဟု ဆိုရာတွင် ရှုပ်ထွေးလှသည့် ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာများ

---

၃၉ “The Open Definition,” Open Knowledge International. Accessed 6 December 2017, www.opendefinition.org.

၄၀ ပွင့်လင်း အချက်အလက် စံနှုန်းကို Open Data Charter နှင့် Sunlight Foundation တို့မှ ရယူထားပါသည်။ “Ten principles for opening up government information,” Sunlight Foundation. Accessed 6 December 2017, https://sunlightfoundation.com/policy/documents/ten-open-data-principles.

၄၁ ဥပမာ Codelco (ချီလီ) နှင့် Inalum (အင်ဒိုနီးရှား) တို့သည် အင်္ဂလိပ်ဘာသာဖြင့် ဝက်ဘ်ဆိုက်ကိုလည်း ပြင်ဆင်ထားသည်။ http://www.inalum.id/en.

ကို ရင်းနှီးနေသည့် လုပ်ငန်းပိုင်း ကျွမ်းကျင်သူများ၊ ရင်းနှီးမြှုပ်နှံသူများ ပါဝင်နိုင်သကဲ့သို့ အစိုးရက စီမံပေးနေသည့် သဘာဝ သယံဇာတများ၏ မူလပိုင်ရှင် သို့မဟုတ် သယံဇာတ ကြွယ်ဝသည့် ဒေသတွင် နေထိုင်သည့် သာမန်ပြည်သူများလည်း ပါဝင်နိုင်သည်။ နိုင်ငံပိုင်လုပ်ငန်းများ၏ ထုတ်ပြန်မှုများသည် ၎င်း၏ စတိတ်ဟိုဒါ အမျိုးအစား အမျိုးမျိုး ကွဲပြားနေမှုကို မမေ့ပဲ အားလုံး နားလည်စေရန် ထုတ်ပြန်ပေးရမည်။

သာမန်ပြည်သူများ အလွယ်တကူ နားလည်နိုင်သည့် ထုတ်ပြန်မှုများ ဖြစ်စေရန် လိုက်နာဆောင်ရွက်ရမည့် အဆင့်များစွာ ရှိသည်။

၁) အဓိက စကားရပ်များအကြောင်း ရှင်းပြပါ သို့မဟုတ် အနက်ဖွင့်ဆိုပါ။ ထုတ်ပြန်မှုများ ပြုလုပ်စဉ် တလျှောက် ယင်းစကားရပ်များကို အပြောင်းအလဲမရှိ သုံးစွဲပါ။

၂) နားလည်လွယ်သည့် အရေးအသား အသုံးပြုပါ။ ပညာရပ်ဆိုင်ရာ စကားလုံးများကို ရှောင်ရှားပါ။

၃) စတိတ်ဟိုဒါများနှင့် နီးစပ်မှု အရှိဆုံး အချက်အလက်များကို အဓိက ပေါ်လွင်အောင် ထုတ်ပြန်ပါ။ (KPIs ၊ လတ်တလော ဖြစ်ရပ်များ၊ အရေးပါသည့် ပြောင်းလဲမှုများ)

၄) အချက်အလက်များကို ကားချပ်၊ ဗွီဒီယို၊ ဓာတ်ပုံ အခြား မြင်လွယ် နားလည်လွယ်သည့် ပုံဖော်မှုများဖြင့် ထုတ်ပြန်ပါ။

လုပ်ငန်းပိုင်း ကျွမ်းကျင်သူများအတွက် ထုတ်ပြန်မည်ဆိုပါက အခြား အရည်အသွေးများအပြင် ပွင့်လင်းမြင်သာမှုကိုလည်း လိုအပ်မည်ဖြစ်သည်။

၅) အချက်အလက်များကို ခေါင်းစဉ်အလိုက် ခွဲထားခြင်း (ဥပမာ လုပ်ငန်းတစ်ခုခြင်း သို့မဟုတ် လုပ်ကွက်တစ်ခုခြင်းအလိုက် ထုတ်လုပ်မှု ပမာဏကို ထုတ်ပြန်ပေးခြင်း)

၆) ရက်စွဲအလိုက် အချက်အလက် (Granular data) (ဥပမာ နေ့အလိုက် သို့မဟုတ် လအလိုက် ထုတ်လုပ်မှုများ)

၇) အချက်အလက်များ သိုင်းဝိုင်းဖော်ပြခြင်း (Metadata) (ဖွင့်ပြထုတ်ပြန်သည့် ကိန်းဂဏန်းများကို နားလည်ရန်အတွက် သိထားရမည့် နောက်ခံအချက်အလက်)

၈) တွက်ချက်ပုံများ (Formulas)

အချက်အလက်များကို ခေါင်းစဉ်အလိုက် ခွဲခြားပေးခြင်းသည် လုပ်သင့် လုပ်ထိုက်သည်သာမက မဖြစ်မနေ ဆောင်ရွက်ရမည်ဟု နိုင်ငံအများအပြားတွင် သတ်မှတ်ထားသည်။ ဥပမာ EITI စံနှုန်းအရ အစိုးရ ဝေစု (ရောင်းချရသည့် ပမာဏ နှင့် လက်ခံရရှိသည့် ဝင်ငွေ အပါအဝင်) ရောင်းချရမှုနှင့် ပတ်သက်သည့် အချက်အလက်များ ဖွင့်ပြရာတွင် ဝယ်ယူသည့် ကုမ္ပဏီ တစ်ခုခြင်းစီအလိုက် ဖော်ပြရမည်ဖြစ်ပြီး၊ အခြားပေးသွင်းမှုများ နှင့် ဘဏ္ဍာရေး စီးဆင်းမှုများကဲ့သို့ ခွဲခြားဖော်ပြရမည်ဟု သတ်မှတ်ထားသည်။ (EITI Req. 4.2).

နိုင်ငံပိုင် လုပ်ငန်းများအနေဖြင့် ထုတ်ပြန်ဖွင့်ပြမှုများ ပြုလုပ်ရာတွင် စတိတ်ဟိုဒါ အမျိုးမျိုး ကွဲပြားနေသည်ကို မမေ့လျော့ပဲ ဖွင့်ပြရန် လိုသည်။ ခွဲခြားထားသည့် အချက်အလက်များကို pivot tables ဇယားများ၊ သို့မဟုတ် ရှုပ်ထွေးသည့် ပုံစံများဖြင့် ဖော်ပြရာတွင် အကျဉ်းချုပ်များ သို့မဟုတ် ပုံပြဇယားများကို မပါမဖြစ် ထည့်သွင်းပေးရမည်။

## ၂) မှန်ကန် ခိုင်မာမှု ရှိခြင်း (Reliability)

ထုတ်ပြန်ဖွင့်ပြမှုများ၏ မှန်ကန်တိကျမှုသည် နိုင်ငံပိုင်လုပ်ငန်း၏ အချက်အလက် စုစည်းခြင်းနှင့် တည်းဖြတ်ခြင်း နည်းစနစ်ပေါ်တွင် မူတည်နေသည်။ ထုတ်ပြန်မှုများ ဒလဟော ပြုလုပ်ရန်ထက် ထုတ်ပြန်မည့် အချက်အလက်များ စုစည်းခြင်း၊ တည်းဖြတ်ခြင်း၊ အတည်ပြုခြင်း နည်းလမ်းများ အားကောင်းလာစေရန် ဆောင်ရွက်သင့်သည်။ ရေရာမှု မရှိသည့် သတင်းအချက်အလက် အများအပြား ပေါ်ထွက်လာခြင်းမျိုး မဖြစ်အောင် ဆောင်ရွက်သင့်သည်။ သတင်းအချက်အလက် ခိုင်မာမှု၊ မှန်ကန်မှုကို အားကောင်းစေသည့် အချက် ၃ ချက်ကို အောက်တွင် ဖော်ပြထားပါသည်။

### *က) ယုံကြည်ရသည့် အရင်းအမြစ် (Reliable sources of information)*

နိုင်ငံပိုင် လုပ်ငန်းအနေဖြင့် တတိယ အင်အားစု အရင်းအမြစ်မှ ထုတ်ပြန်ချက်များကို ကိုးကား၍ ထုတ်ပြန်မှုများ ပြုလုပ်ခြင်း (ဥပမာ – နိုင်ငံပိုင်လုပ်ငန်းနှင့် ဆက်စပ်သည့် ဥပဒေများ နှင့် လုပ်ထုံးလုပ်နည်းများကို ရည်ညွှန်းရန်အတွက် အစိုးရ ဝက်ဘ်ဆိုက်ကို အသုံးပြုသည့်အခါ) နှင့် ကိုယ်ပိုင် အချက်အလက်များကို ကိုယ်တိုင် ထုတ်ပြန်သည့်အခါတွင် ကိုးကားသည့် အရင်းအမြစ်များ၏ ယုံကြည်စိတ်ချရမှုသည် အရေးကြီးသည်။ ကိုယ်ပိုင် အချက်အလက်များကို ကိုယ်တိုင် ထုတ်ပြန်ရာတွင် ထုတ်ပြန်သည့် အချက်အလက်များသည် စနစ်တကျ စုစည်း၊ စစ်ဆေး အတည်ပြုပြီးကြောင်းကို အာမခံနိုင်ရန်အတွက် အချက်အလက် စီမံမှု လုပ်ထုံးလုပ်နည်းများ ခိုင်ခိုင်မာမာ ရှိနေစေရန် ဆောင်ရွက်ရမည်။ စာအုပ်၊ မှတ်တမ်းများ မှန်မှန်ကန်ကန် ပြုစုခြင်း၊ ထိန်းသိမ်းခြင်း၊ လုပ်ငန်းတွင်း စာရင်းစစ်လုပ်ငန်း ထိန်းချုပ်မှုများ တင်းကျပ်စွာ လုပ်ဆောင်ခြင်းတို့ ပြုလုပ်ခြင်းဖြင့် ခိုင်မာစေရန် ဆောင်ရွက်ရမည်။

### *ခ) စစ်ဆေး အတည်ပြုထားသည့် အချက်အလက် (Verifiable data)*

နိုင်ငံပိုင်လုပ်ငန်း နှင့် ၎င်း၏ ထုတ်ပြန်မှုများပေါ်တွင် ယုံကြည်မှု တိုးလာစေလိုသည် ဆိုပါက ထုတ်ပြန်သည့် အချက်အလက်များကို လက်ခံရရှိသူများက စစ်ဆေး အတည်ပြုနိုင်ရမည်။ ကိုးကားသည့် အချက်အလက်များနှင့် ဆိုင်ပြီး အပြည့်အစုံ ရှင်းပြထားရမည်။ (ဆိုလိုသည်မှာ အချက်အလက် စုစည်းသည့် နည်းစနစ်) နေ့စွဲ၊ ဖတ်ရှုရသူများအနေဖြင့် အချက်အလက်များကို တန်ပြန် စစ်ဆေးနိုင်ရန် နောက်ခံအကြောင်းအရာ ဆိုင်ရာ အချက်အလက်များကိုလည်း ဖော်ပြထားရမည်။ ဥပမာ ပြည်ပပို့သည့် ကုန်စည်နှင့်ပတ်သက်သည့် အချက်အလက်များ ဆိုပါက သင်္ဘောတင်သည့် ကုန်ကျစရိတ်၊ နိုင်ငံတကာ စာချုပ်များ သို့မဟုတ် အခြား ကိုးကားစရာများနှင့် တွဲ၍ ထုတ်ပြန်ပေးရမည်။ စတိတ်ဟိုဒါများအနေဖြင့် အချက်အလက် အရင်းအမြစ်များကို စိစစ်နိုင်ပြီး၊ ထုတ်ပြန်သည့် အချက်အလက်၏ မှန်ကန်မှုကို အတည်ပြုနိုင်ရမည်။

### *ဂ) စာရင်းစစ် (Audits)*

ထုတ်ပြန်မှု မပြုလုပ်မီ အချက်အလက်များ၏ မှန်ကန်မှုကို စစ်ဆေးရန်အတွက် လုပ်ငန်းတွင်း စိစစ်မှုများသည် အဓိကကျသည်။ နိုင်ငံပိုင်လုပ်ငန်းများ၏ အချက်အလက် စီမံမှု မူဝါဒများ နှင့် လုပ်ငန်းဆောင်ရွက်မှုများကို စိစစ်ခြင်းသည် ထုတ်ပြန်မှုများ၏ မှန်ကန်မှုကို အားကောင်းစေမည်ဖြစ်သည်။ ပွင့်လင်းမြင်သာမှု ရှိသည့် လုပ်ငန်း အပ်နှံရေး လုပ်ငန်းစဉ်မှတဆင့် ရွေးချယ်ထားသည့် နိုင်ငံတကာ အဆင့်မီ ပုဂ္ဂလိက စာရင်းစစ်လုပ်ငန်းများ အပါအဝင် လွတ်လပ်သည့် စာရင်းစစ်များကို ဝင်ရောက်စစ်ဆေးစေသင့်သည်။ အချက်အလက်များ၏ မှန်ကန်မှု၊ အချက်အလက် စုစည်းမှုနှင့် တည်းဖြတ်မှု နည်းစနစ်များကို သုံးသပ်ရန်၊ ဆန်းစစ်ရန် ပြင်ပစာရင်းစစ်များကို အသုံးပြုသင့်သည်။ အထူးသဖြင့် နိုင်ငံပိုင်လုပ်ငန်းများ စီမံမှု၏ တာဝန်ခံမှုကို အားကောင်းလာစေရန်အတွက် စနစ်တကျ စာရင်းစစ်ထားသည့် ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများမှာ မရှိမဖြစ် လိုအပ်သည်။ စတော့အိတ်ချိန်းတွင် မှတ်ပုံတင်ရန်အတွက်လည်း စာရင်းစစ်ပြီး ဘဏ္ဍာရေးရှင်းတမ်း လိုအပ်လေ့ရှိသည်။

### ၃) အချိန်မှန် ထုတ်ပြန်ခြင်း၊ အပြည့်အစုံ ထုတ်ပြန်ခြင်း (Consistency and completeness)

ထုတ်ပြန်မှုများ အကျိုးရှိစေရန်အတွက် နိုင်ငံပိုင် လုပ်ငန်းများ၏ ထုတ်ပြန်မှုများသည် ပြည့်စုံရမည်၊ လုပ်ငန်း လည်ပတ်ကာလတလျှောက် အချိန်မှန်မှန် ထုတ်ပြန်ရမည်။

၁) နှစ်အလိုက် နှိုင်းယှဉ်မှုများ ပြုလုပ်နိုင်ရန်၊ လားရာများကို မှန်းဆနိုင်ရန်အတွက် ထုတ်ပြန်မှု ပြုလုပ်ရာတွင် အသုံးပြုသည့် နည်းစနစ်များကို တစ်သမတ်တည်း အသုံးပြုပါ။ အခြား လုပ်ငန်းတူ အစုအဖွဲ့များ၏ အချက်အလက်များနှင့် နှိုင်းယှဉ်နိုင်ရန်အတွက် လုပ်ငန်းစံနှုန်းအဖြစ် သတ်မှတ်ထားသည့် အတိုင်းအတာများကို အသုံးပြုသင့်သည်။ (ဥပမာ ရေနံစည်ပေါင်း (barrel of oil equivalent [BOE] ၊ ဒေသသုံးငွေကို အမေရိကန်ဒေါ်လာသို့ ပြောင်းလဲတင်ပြခြင်း) အသုံးပြုသည့် အတိုင်းအတာများ အတွက်လည်း ရှင်းလင်းမှုများ တပါတည်း ထည့်သွင်းပေးရမည်။ ၎င်းတို့ပေါ်တွင် သက်ရောက်မှုရှိသည့် အချက်အလက်များ (ဥပမာ – ငွေလဲနှုန်း) ကိုလည်း ဖော်ပြပေး

ရမည်။ ပုံစံ တစ်မျိုးတည်းကို တစ်သမတ်တည်း အသုံးပြုခြင်းသည် ပို၍ လွယ်ကူ သင့်တော်ပြီး၊ ထုတ်ပြန်မှုများ မပြုလုပ်မီ အချက်အလက် စုစည်းသည့် လုပ်ငန်းစဉ်ကို စနစ်တကျ ဆောင်ရွက်ရမည်။

၂) အရေအတွက်ပြ အချက်အလက်များကို တတ်နိုင်သမျှ နောက်ကြောင်းလိုက်ပြီး ဖော်ပြသင့်သည်။ (အနည်းဆုံး ၂ နှစ်စာကို ဖော်ပြသင့်ပြီး၊ မှန်ကန်စိတ်ချရသည့် အချက်အလက်များ ပို၍ ရရှိလာသည်နှင့်အမျှ တိုးတက် ထုတ်ပြန်သင့်သည်)

၃) အချက်အလက် ရရှိသူများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် နားလည်စေရန်၊ ရရှိလာသည့် အချက်များကို နှစ်အလိုက် ခွဲခြား လေ့လာနိုင်စေရန်အတွက် ခေါင်းစဉ် ခွဲခြား၍ အချက်အလက်များကို ထုတ်ပြန်ပေးရမည်။ ဥပမာ ဘဏ္ဍာရေးဆိုင်ရာ ရလဒ်များကို စုပေါင်း ထုတ်ပြန်သကဲ့သို့ လုပ်ငန်းတစ်ခုခြင်းစီအလိုက်လည်း ထုတ်ပြန်ပေးရမည်။ ထုတ်လုပ်မှု ပမာဏကိုလည်း လုပ်ကွက်အလိုက်၊ ဒေသအလိုက်၊ နိုင်ငံအလိုက်၊ တစ်ကမ္ဘာလုံးအဆင့် ထုတ်ပြန်ပေးရမည်။

၄) မမျှော်လင့်ပဲ ဖြစ်လာသည့် အပြောင်းအလဲ သို့မဟုတ် ရလဒ်များအတွက် နောက်ခံ အခင်းအကျင်း၊ ဖြေရှင်းချက်များ ထည့်သွင်းပေးပါ။ မဟာဗျူဟာ အပြောင်းအလဲ သို့မဟုတ် ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်းကဲ့သို့သော အတွင်းစည်း အပြောင်းအလဲ၊ ဘဏ္ဍာရေး အကျပ်အတည်း၊ ငွေလဲနှုန်း အပြောင်းအလဲ သို့မဟုတ် နိုင်ငံတကာ ပိတ်ဆို့မှု ကဲ့သို့သော ပြင်ပ အပြောင်းအလဲများ အကြောင်းကို ထည့်သွင်းရှင်းပြရန် လိုသည်။

၅) အစဉ်အဆက် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာများ နှင့် အချက်အလက်များကိုလည်း လေ့လာနိုင်ရန် ပြင်ဆင်ထားပေးရမည်။

## ၄) အကြိမ်ရေ နှင့် အချိန်မှန် ဖြန့်ဝေခြင်း (Frequency and timeliness)

ရက်လွန်နေသည့် အချက်အလက်များ သို့မဟုတ် နောက်ကျပြီးမှ ဖြန့်ဝေသည့် အချက်အလက်များသည် ပြည်သူများအတွက် အကျိုးမရှိလှပါ။ အတုယူ ဆောင်ရွက်သင့်သည်များကို အောက်တွင် အကြံပေး ဖော်ပြထားပါသည်။

၁) ထုတ်ပြန်သည့် အကြောင်းအရာ အချက်အလက်ပေါ် မူတည်၍ ထုတ်ပြန်သည့် အကြိမ်ရေကို သတ်မှတ်ရန် လိုသည်။ ဥပမာ အချို့သော အချက်အလက်များသည် တစ်နှစ်အတွင်း အကြီးအကျယ် ပြောင်းလဲသွားနိုင်သည်။ (ဥပမာ ထုတ်လုပ်မှု ပမာဏ၊ ရောင်းရငွေ) အချို့သော အချက်အလက်များမှာ (ဥပမာ ဘုတ်အဖွဲ့ဝင်စာရင်း) အပြောင်းအလဲ မရှိသလောက် တည်ငြိမ်သည်။

၂) အချိန်မှန် ထုတ်ပြန်ပါ။ အချက်အလက်ဟောင်းများကို နောက်ခံ အချက်အလက် သိုင်းဝိုင်းရှင်းပြရန် သို့မဟုတ် အချို့သော အပြောင်းအလဲများကို ထောက်ပြနိုင်ရန်အတွက် ထုတ်ပြန်နိုင်သော်လည်း ပုံမှန် ထုတ်ပြန်မှု ပြုလုပ်ရာတွင် ၂ နှစ်ထက် နောက်မကျသည့် အချက်အလက်များကို ထုတ်ပြန်ပေးရမည်။

၃) ဘဏ္ဍာရေး နှစ်ကုန်ပြီး ခြောက်လအတွင်း နှစ်ပတ်လည် အစီရင်ခံစာကို ထုတ်ပြန်သင့်သည်။

၄) လစဉ် သို့မဟုတ် လေးလပတ် အစီရင်ခံစာများ ထုတ်ပြန်ခြင်း သို့မဟုတ် အင်တာနက်တွင် စဉ်ဆက်မပြတ် ထုတ်ပြန်ခြင်းဖြင့် နောက်ဆုံးရ အချက်အလက်များကို ထုတ်ပြန်သင့်သည်။ နိုင်ငံပိုင်လုပ်ငန်း၏ ဝက်ဘ်ဆိုက်ကို ပုံမှန် မွမ်းမံ၍ နောက်ဆုံးရ အချက်အလက်များ ဖြည့်တင်းသင့်သည်။

၅) အရေးကြီးသည့် အပြောင်းအလဲများကို ဖြစ်လျှင်ဖြစ်ခြင်း၊ သက်ရောက်မှုများနှင့်တကွ ချက်ခြင်း ထုတ်ပြန်သင့်သည်။ လုပ်ငန်းတိုးတက်မှုများနှင့် ဆိုင်ပြီး အင်တာနက်မှတဆင့် ထုတ်ပြန်ခြင်းသည် အသင့်တော်ဆုံး ဖြစ်သည်။ နှစ်ပတ်လည် အစီရင်ခံစာများတွင် ထုတ်ပြန်ပြီးသည့် အချက်အလက်များကို ထပ်ကျော့ ဖော်ပြ၊ အကျိုးအပြစ်များ သုံးသပ်ပြခြင်းများကို ပြုလုပ်နိုင်သည်။

ကျေးဇူးတင်လွှာ
ယခုစာတမ်း ထုတ်ဝေရာတွင် သုတေသန ပြုလုပ်ပေးခဲ့သည့် Camille Oberkampf အား အထူးကျေးဇူး တင်ရှိပါသည်။

လွတ်လပ်ပြီး အကျိုးအမြတ်မရှာဖွေသည့် အဖွဲ့အစည်းတစ်ခုဖြစ်သော သဘာဝသယံဇာတအရင်းအမြစ် စီမံခန့်ခွဲမှု အကြံပေး အဖွဲ့ (Natural Resource Governance Institute) သည် ပြည်သူများ မိမိတိုင်းပြည်မှထွက်သော ရေနံ၊ သဘာဝဓါတ်ငွေ့ နှင့် သတ္တုတွင်းထွက်များ ကြွယ်ဝမှု၏ အကျိုးကျေးဇူးများကို သိရှိနားလည်စေရန် လက်တွေ့အသုံးချ သုတေသနပြုခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ နည်းပညာဆိုင်ရာ အကြံဉာဏ်ပေးခြင်း နှင့် စည်းရုံးရေး ပြုလုပ်ပေးခြင်းဖြင့် ကူညီပေးပါသည်။
ထပ်မံလေ့လာရန် – www.resourcegovernance.org

Natural Resource Governance Institute
Oil, gas and mining for development